# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၀၈)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## မိမိတို့အဖွဲ့အစည်းတစ်ခုလုံး စားဝတ်နေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဖောက်ချဆောင်ရွက် အချိန်တိုအတွင်း ဝင်ငွေရရှိနိုင်သည့် ပြောင်း၊ ကြံနှင့် ပဲအမျိုးမျိုးကို တစ်အုပ်တစ်မစိုက်ပျိုးထုတ်လုပ် ရေရှည်အကျိုးရှိပြီး ဒေသ၌ဖြစ်ထွန်းသည့် ရော်ဘာကိုအဓိကထား စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင် ဒီကေဘီအေအဖွဲ့ကို ယုံကြည်အားကိုးသည့်အဖွဲ့အစည်းဖြစ်အောင် နယ်မြေလူထုအကျိုး သယ်ပိုးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့သို့ ရောက်ရှိကြပြီး ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်ဦးတို့ လိုက်ပါလျက် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ရောက်ရှိကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■



**နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်ရာတွင် အဓိကတာဝန်ယူကြရမည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်း အမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်သူများ၊ စည်းကမ်းဥပဒေ လေးစားလိုက်နာသူများ၊ တိုင်းချစ် ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင် များဖြစ်အောင် လေ့ကျင့်ပြုစု။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် **အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာ ထူးကျော်နှင့်အဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



### မိုးလေဝသအခြေအနေ (ဩဂုတ် ၇ ရက်)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

7-8 (01).p65 1 1/20/32, 1:11 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

# မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းအောင်မြင်မှုများရရှိ

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာတစ်ဝန်းလုံးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်များနှင့် ဆက်နွှယ်နေသည့် ကြီးမားကျယ်ပြန့်သော အန္တရာယ်ဆိုးကြီး တစ်ခုဖြစ်သည်။ လူသားအားလုံးနှင့် သက်ဆိုင်ခြင်းကြောင့် ဤအန္တရာယ်ဆိုးကြီး လုံးဝပပျောက်သွားစေရန် နိုင်ငံအားလုံးက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တစိုက်မတ်မတ် တိုက်ဖျက်နေကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်ရာ၌ ၁၉၈၈ ခုနှစ်မတိုင်မီက တားဆီးနှိမ်နင်းရေးကဏ္ဍကို အလေးထားပြီး ဘိန်းခင်းများဖျက်ဆီးခြင်း၊ ဘိန်းချက်စခန်းများနှင့် ဘိန်းတန်းများကို စစ်ဆင်ရေးများဖြင့် ပိတ်ဆို့တားဆီး တိုက်ဖျက်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးနှိမ်နင်းနိုင်မှုအပိုင်းကို လေ့လာကြည့်ပါက မူးယစ်ဗဟိုစတင်ဖွဲ့စည်းပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ၁၉၇၆ ခုနှစ်မှ ယနေ့အချိန်ထိ ဖမ်းဆီးရမိဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးနှင့် ဓာတုဗေဒပစ္စည်းများ အပါအဝင် ခန့်မှန်းတန်ဖိုးသည် မြန်မာငွေကျပ် ၁၄၁၈ ဒသမ ၁၁၇ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၃၅ ဘီလီယံရှိပြီဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးကဏ္ဍ တစ်ခုတည်းကိုသာ လုပ်ဆောင်ခြင်းမပြုဘဲ ဘိန်းစိုက်တောင်သူများ၏ အစားထိုး ဝင်ငွေရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးခဲ့သဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ သိသိသာသာလျော့နည်း ပပျောက်လာခြင်းဖြစ်သည်။

နိုင်ငံတော်က ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ယင်း၁၅ နှစ်စီမံကိန်း၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ဘိန်းစိုက်တောင်သူများကို အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဘဝသစ်တည်ထောင်ပေးနိုင်ရေးအတွက် ၂၀၀၃ ခုနှစ် ဧပြီလမှစ၍ ပန်းတိုင်သစ်စီမံကိန်း (New Destiny Project)ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယခင်က ဘိန်းစိုက်ပျိုးသည့် မြေများ၌ အစားထိုးသီးနှံများ စိုက်ပျိုးလာနိုင်ကြပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် တစ်နှစ်ထက် တစ်နှစ် သိသိသာသာ လျော့နည်းကျဆင်းလာလျက်ရှိသည်။

ကိုးကန့်ဒေသ၌ ၂၀၀၃ ခုနှစ်ကစပြီး မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် တရားဝင် ကြေညာနိုင်ခဲ့ပြီး 'ဝ'ဒေသကလည်း ၂၀၀၅ ခုနှစ် ဇွန်လတွင် မူးယစ်ဆေးဝါး ကင်းမဲ့ဇုန်အဖြစ် ကြေညာခဲ့ပြီးဖြစ်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး၏ ၂၀၀၅ ခုနှစ် ကမ္ဘာ့နှစ်ပတ်လည်အစီရင်ခံစာ၌ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုတိုင်းတာရာတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၆၁ ရာခိုင်နှုန်းကျဆင်းကြောင်း ဖော်ပြထားသည်။

အလားတူ အမေရိကန်နိုင်ငံ Counter Narcotics and Crime, (CNC)နှင့် ဘိန်းအထွက်နှုန်း တိုင်းတာရေး ပူးပေါင်းဆောင်ရွက်ကောက်ယူခဲ့သည့် စာရင်းဇယားများအရလည်း ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုမှာ ၈၁ရာခိုင်နှုန်းကျဆင်းပြီး ဘိန်းထုတ်လုပ်မှု ၈၈ ရာခိုင်နှုန်း ကျဆင်းသည်ဟု တရားဝင်ဖော်ပြထားသည်။ အဆိုပါ စာရင်းဇယားများအရ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းသည် အောင်မြင်မှုရှိသည်ဆိုသည်ကို အခိုင်အမာပြဆိုလျက် ရှိပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





## အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) မွမ်းမံသင်တန်းဆင်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်၄ရက် နံနက်၉နာရီက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်၊ ဆောက်လုပ်မှုစစ်ဆေးရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်သူရဦးစိန်သောင်း၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**

### အမှာစကားပြောကြား

သင်တန်းဆင်းပွဲတွင် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဝန်ကြီးက သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### တက်ရောက်

အဆိုပါ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) မွမ်းမံသင်တန်းသို့ သင်တန်းသား သင်တန်းသူ၃၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

**၂၀၀၆ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပပြုလုပ်ရေး ဦးစီးကော်မတီ အစည်းအဝေးကို ဩဂုတ် ၄ရက် မွန်းလွဲ၂နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး တက်ရောက်၍ အမှာစကား ပြောကြားသည်။** (အောက်ယာပုံ)

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ၂၀၀၅ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံနှင့် ပတ်သက်၍ အစီရင်ခံတင်ပြပြီး ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပပြုလုပ်ရေး လုပ်ငန်းကော်မတီဝင်နှင့် ဆပ်ကော်မတီဝင်များကို အတည်ပြုကာ သုတေသနညီလာခံနှင့် တွဲဖက်ပြုလုပ်မည့် (Symposium) ဘာသာရပ်များကို ရွေးချယ် အတည်ပြုကြသည်။



### အမှာစကားပြောကြား

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကျင်းပပြုလုပ်မည့် ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### တက်ရောက်

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၇-၈-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၉။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၀။ မိုးလေဝသသတင်း
- ၆း၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၂။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၁)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ မေးမြန်းစုံစမ်း
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၂၃)

## ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

**ရန်ကုန် ဩဂုတ် ၆**

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ဝိပဿနာဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၄၁)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာကျောင်း ဆရာတော်ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာကျောင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ အနေဖြင့် ဝါခေါင်လပြည့်ကျော်၃ရက် ဩဂုတ် ၁၁ ရက် (သောကြာနေ့)ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများလက်ခံစဉ်။ (သတင်းစဉ်)

# (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

● ကျောဖုံးမှ

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဒဂုံမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာန နာယကဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဒဂုံမြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ ပရိသတ်များက ငါးပါး သီလ ခံယူ ဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော် ကြီးအား သင်္ကန်းအစရှိသော လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြ သည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများကိုယ်စား ရန်ကုန် တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်၊ ရောဝတီ ရေတပ်စခန်းဌာန ချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော် တို့က ဆရာတော်ထံဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဆရာတော် ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆား နှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ် လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း နှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်း ရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် ပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ ဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီလီမိတက်) ကြက်ဆူစိုက်ပျိုးရေးအဖွဲ့က ငွေကျပ် ၂၀၆၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ဆယ်မိသားစု၊ ဒေါ်မေသန်းနွယ်



ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကင်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းကိုးကျောင်းနှင့် သီလရှင်ကျောင်းနှစ် ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

စေတနာရှင် ပြည်သူများက ဆွမ်းဆန် တော်၊ ဆီ၊ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ် ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

## ဆွမ်းပဒေသာပင်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများပေးအပ်လှူဒါန်း ကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ငွေကျပ်တစ်သိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ မိုးတင်မိသားစုက ငွေကျပ်၂၅သိန်း၊ ဦးကျော်စိန်(မန်နေဂျင်း ဒါရိုက်တာ၊ Jewellery Luck Co.,Ltd.)က ငွေ ကျပ်၁၀သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့်အဖွဲ့က ငွေကျပ် ၅၁၃၀၀၀၊ (ဦးသိန်းမောင်)- ဒေါ်ပါး (သီဂီရွှေရည်ဓာတ်ပုံတိုက်)၊ သီဟ သုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း- သီရိသုဓမ္မသင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KNကုမ္ပဏီ)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်း နိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတ သင်္ကန်းတိုက်)၊ ဦးတင်အောင်-ဒေါ် လှလှနွယ် (ဝင်းရတနာခရီးသည် ပို့ဆောင်ရေး)၊ ဦးစိုင်းမောင်မောင်မြင့်- ဒေါ်ခင်မင်းမင်းစိုး(The Selection Co., Ltd.)၊ ဦးမောင်မောင်နှင့် ညီများ (ဂရိတ်ဝေါလ် တိုင်းရင်းဆေးဝါး ထုတ် လုပ်ရေး)နှင့်သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း (ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး) (နေအောင်ကုမ္ပဏီ)တို့က ငွေကျပ် နှစ်သိန်းစီ၊ သီဟသုဓမ္မသင်္ဂီ ဒေါ်မြ သိန်း၊ သား ဦးရန်ရှင်း (United Winner International Co., Ltd.)၊ ဦးတင်လှမိသားစု(Camel Co., Ltd)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်း မြန်မာကုမ္ပဏီလီမိတက်)တို့က ငွေ ကျပ် ၁၁၀၀၀၀ စီ အပါအဝင် အလှူ ရှင်များက အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံ ယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာန ချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ နှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း လျှောက်ထားသည်။

## ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် ဒဂုံမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌကမ္ဘာအေးကျောင်း တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ် များက အနုမောဒနာ တရား နာ ကြားကြပြီး လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

ထို့နောက် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသူ လေးများဝတ်အဖွဲ့က အရပ်၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော် ကြီး ကျောင်းတိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၁၆ အိတ်၊ ဆီ ပိဿာ ၅၀၊ ပဲ ၇၉ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်း ဆား ၃၉၇ ပိဿာ၊ သွားတိုက်ဆား ဘူး ၈၀၊ တိုင်းရင်းဆေးမျိုးစုံ ၆၇၉ ဘူးနှင့် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၇၆၁၉၀၀၀ ဖြစ်သည်။

## ရန်ကင်းမြို့နယ်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော် ကြီးကျောင်း ကိုးကျောင်းနှင့် သီလရှင် ကျောင်းနှစ်ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင်အလှူတော်ငွေများပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်

**စာမျက်နှာ ၉ ကော်လံ ၅ သို့**



ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေးနှင့် ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ရောဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးမင်းဇော်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

## မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

# တရုတ်နိုင်ငံ၏အထူးသံတမန်

# အရှေ့အလယ်ပိုင်း ငါးနိုင်ငံသို့ ခရီးထွက်မည်

ပေကျင်း ဩဂုတ် ၆

**တရုတ်နိုင်ငံ၏အရှေ့အလယ်ပိုင်းဆိုင်ရာ အထူးသံတမန်တစ်ဦးဖြစ်သည့် ဆန်းဘီဂန်သည် ဩဂုတ် ၆ရက်မှစ၍ ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ အီဂျစ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ ထွက်ခွာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ကျင်ဂန်က ဩဂုတ် ၄ရက်၌ ပေကျင်းမြို့က ကြေညာသည်။**

ဆန်းသည် ဒေသတွင်း ဖြစ်ပွားနေသည့်ပြဿနာများအပေါ် အဖွဲ့အစည်းအသီးသီးနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လက်ဘနွန်ကိစ္စဖြစ်ကြောင်း၊ ဒေသ၏တင်းမာမှုများလျော့ပါးစေရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း ကျင်က ပြောကြားသည်။

### ဖမ်းဆီး

အစ္စရေးတို့က နယ်စပ်ဖြတ်ကျော်၍ ၎င်း၏စစ်သားနှစ်ဦးအား ဟစ်ဇ်ဘိုလာတို့က ဖမ်းဆီးခဲ့ပြီးနောက် လက်ဘနွန်ပစ်မှတ်များကို လေကြောင်းမှ ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

### သေဆုံး

ဇူလိုင် ၂၅ရက်က လက်ဘနွန်တောင်ပိုင်းကို အစ္စရေးတို့က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် ကုလသမဂ္ဂ လေ့လာသူလေးဦး ဗုံးကြဲရာတွင် သေဆုံးခဲ့ကြောင်း၊ ယင်းတို့မှာ တရုတ်၊ ဖင်လန်၊ ဩစတြီးယားနှင့် ကနေဒါတို့မှဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဇီဝလောင်စာဆီထုတ်ယူနိုင်သည့်သစ်ပင်များစိုက်ပျိုးရန် မြေယာများ အင်ဒိုနီးရှား လုပ်ပိုင်ခွင့်ပေးမည်

ကွာလာလမ်ပူ ဩဂုတ် ၆

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းနှင့်ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဇီဝလောင်စာဆီထုတ်ယူနိုင်သည့်သစ်ပင်များ စိုက်ပျိုးနိုင်ရန်အတွက် မြေဟက်တာ ခြောက်သန်း လုပ်ပိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိကြီးတစ်ဦးက ဩဂုတ်၄ရက်၌ ပြောကြားသည်။

ရေနံဈေးနှုန်း မြင့်မားနေသောကြောင့် ကမ္ဘာတစ်ဝန်း၌ ယခုအချိန်သည် ဇီဝလောင်စာဆီဝယ်လိုအား မြင့်တက်နေချိန်တွင် ပြည်တွင်းအသုံးပြုမှုအတွက်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသူများအတွက် တံခါးများကို ဖွင့်ပေးထားကြောင်း အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့်သဘာဝအရင်းအမြစ်ဝန်ကြီး ပါနိုမိုက သတင်းထောက်များအား ပြောကြားသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပသည့် စီးပွားရေးအဖွဲ့အစည်းများ အစည်းအဝေးပြီးနောက် ပါဒိုမိုက မှတ်ချက်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

ဇီဝလောင်စာဆီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် မလေးရှားကုမ္ပဏီအချို့က စိတ်အားထက်သန်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဇီဝလောင်စာဆီကဲ့သို့ သမားရိုးကျမဟုတ်သော စွမ်းအင်အတွက် လိုအပ်သော ပြင်ဆင်မှုများပြုလုပ်ရန်အတွက် လတ်တလော မြင့်တက်နေသော ရေနံဈေးနှုန်းများက အင်ဒိုနီးရှားနိုင်ငံကို တွန်းပို့ပေးခဲ့ကြောင်း ပါနိုမိုက ပြောကြားသည်။ အမ်အင်အေ၊ဆင်ဟွာ

**ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပေါ်တွင် ပြိုကျနေသောမြေများအား ရှင်းလင်းဖယ်ရှားနေသည်ကို ဩဂုတ်၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)





### ကယ်ဆယ်ရေးလေ့ကျင့်

**အင်ဒိုနီးရှားနိုင်ငံဘာလီကျွန်းရှိ ကူတာကမ်းခြေတွင် ဆူနာမီကျရောက်လာပါက ကယ်ဆယ်နိုင်ရေး လေ့ကျင့်နေသည်ကို ဩဂုတ်၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ပါကစ္စတန်၌ မြေပြိုကျမှုဖြစ်ပွား လူ ၁၀ဦး သေဆုံး

**အစ္စလမ္မာဘတ် ဩဂုတ် ၆**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းပြည်နယ် အနောက်မြောက်ဘက်ရှိ မန်ဆာရာမြို့အနီးတွင် ဇူလိုင် ၃ရက်က မိုးသက်မုန်တိုင်းတိုက်ခတ်ပြီး မြေပြိုကျသဖြင့် လူ၁၀ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ နံနက် ၅နာရီတွင် ဒါဒါရွာ၌ မုန်တိုင်းတိုက်ခတ်သွားပြီး ကတည်းက လူအချို့မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

### ပြိုကျပျက်စီး

မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် မြေပြိုကျပျက်စီးခဲ့ရာ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များက သေဆုံးသူ၁၀ဦး၏အလောင်းနှင့် ဒဏ်ရာရသူ ငါးဦးအား ပြိုကျသော အဆောက်အအုံအောက်မှကယ်ယူခဲ့ရသည်။ ၎င်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရွှံ့များနှင့်ကျောက်တုံးများပါသော မိုးရေများသည် တောင်စောင်းမှ စီးဆင်းခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လက်ဘနွန်တောင်ပိုင်းတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

# ဟစ်ဇ်ဘိုလာတို့ တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဒူဘိုင်း ဩဂုတ် ၆

**လက်ဘနွန်တောင်ပိုင်းတွင် ဟစ်ဇ်ဘိုလာတို့ တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်ငါးဦး ဩဂုတ် ၄ ရက်၌ သေဆုံးခဲ့ကြောင်း အယ်အာရေးဘီးယား ရုပ်မြင်သံကြား သတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။**

အဆိုပါ သေဆုံးသည့် အစ္စရေးတပ်ဖွဲ့ဝင်များမှာ လက်ဘနွန်နိုင်ငံအတွင်းပိုင်း မာကာဘာကျေးရွာအနီးတွင် ဖြစ်ကြောင်းအယ်အာရေးဘီးယား ရုပ်မြင်သံကြားသတင်းဌာနက ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။ ထို့အပြင် မာကာဘာကျေးရွာအနီး၌ အစ္စရေးတို့၏ တင့်ကားတစ်စီးကိုလည်း ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားသည်။

### သေဆုံးခဲ့

အစ္စရေးတပ်ဖွဲ့ဝင် နှစ်ဦးကို ဟစ်ဇ်ဘိုလာတို့ ဖမ်းဆီးခဲ့ပြီးနောက်ပိုင်း စစ်ပွဲတစ်ခုကဲ့သို့သော ဖြစ်လာခဲ့ချိန်တွင် ဟစ်ဇ်ဘိုလာတို့ တိုက်ခိုက်မှုကြောင့် ယခုအချိန်အထိ အစ္စရေး ၆၈ဦးခန့် သေဆုံးခဲ့ရသည်။ ထိုအရေအတွက်တွင် အစ္စရေးတပ်ဖွဲ့ဝင် ၄၁ဦးလည်း ပါဝင်ကြောင်း သိရသည်။

လက်ဘနွန်တောင်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့ဝင် ၁၀၀၀၀ခန့် ထိုးစစ်ဆင်ရန် ထပ်မံပြင်ဆင်နေသလို ဟစ်ဇ်ဘိုလာတို့ကလည်း ဒုံးကျည်များဖြင့် အစ္စရေးနိုင်ငံအတွင်းသို့ ဆက်လက်ပစ်ခတ်လျက်ရှိသည်။

### ခြိမ်းခြောက်ထား

အစ္စရေးတို့က ဘေရွတ်မြို့ကို လေကြောင်းမှ တိုက်ခိုက်လျှင် မိမိတို့ကလည်း အစ္စရေးမြို့ကြီးများကို ဒုံးကျည်များဖြင့် တိုက်ခိုက်မည်ဟု ဟစ်ဇ်ဘိုလာတို့က ခြိမ်းခြောက်ထားသည်။ **အမ်အင်အေ၊ရိုက်တာ**

**အစ္စရေးတို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော လက်ဘနွန်ရှိ အဆောက်အအုံတစ်လုံးကို ဩဂုတ်၄ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ကန်တပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌သေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၆**

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် သီးခြားစီဖြစ်သော အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ဩဂုတ်၄ရက်တွင် ပြောကြားသည်။ ၎င်းတပ်ဖွဲ့ဝင် နှစ်ဦးသည် အမှတ်(၅)တိုက်ခိုက်ရေး တပ်မမှဖြစ်ပြီး ဩဂုတ် ၃ရက်က အန်ဘာပြည်နယ်တွင် ရန်သူနှင့်တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာချက်၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# အာဖဂန်၌ ကားဗုံးခွဲတိုက်ခိုက်၊ အရပ်သား ၂၀သေဆုံး

**ကင်ဒါဟာ ဩဂုတ် ၆**

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် ဩဂုတ် ၃ရက်က နေတိုးတပ်ဖွဲ့၏ ကင်းလှည့်ယာဉ်ကိုရည်ရွယ်၍ ကားဗုံးခွဲ တိုက်ခိုက်ခဲ့ရာတွင် အရပ်သား၂၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲတစ်ဦးက ပြောကြားသည်။

၎င်းပြင် ယင်းနေ့မှာပင် ကင်ဒါဟာပြည်နယ် ပြည်နယ်မြို့တော်အနီးတွင် သီးခြားစီလမ်းဘေးဗုံးဖြင့် တိုက်ခိုက်သဖြင့် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာက ဖော်ပြသည်။

### ပေါက်ကွဲသံ

ဗုံးပေါက်ကွဲသံများ ကြားရသော်လည်း နေတိုးဘက်မှ သေဆုံးဒဏ်ရာရရှိသူများ၏သတင်းကို လောလောဆယ် မရရှိသေးကြောင်း ကဘူးလ်ရှိ နေတိုးပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းသို့ တိုက်ခိုက်မှုများမှာ အာဖဂန်နစ္စတန်တောင်ပိုင်းတွင် လုံခြုံရေးအတွက် ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအစား မကြာသေးမီရက်ပိုင်းအတွင်း နေတိုးတပ်ဖွဲ့ဝင်များက လွှဲပြောင်းတာဝန်ယူပြီးနောက်ပိုင်း ယခုလတွင် တိုက်ခိုက်မှုများ များပြားလာခြင်းပင် ဖြစ်သည်။

### သေဆုံးခဲ့

ယင်းကဲ့သို့ပင် ဩဂုတ် ၃ရက်မှာပင် မြောက်ပိုင်း ဘက်လင်းပြည်နယ်တွင် နေတိုးကင်းလှည့်ယာဉ်ကို ရည်ရွယ်တိုက်ခိုက်ခြင်း ဖြစ်နိုင်သည့် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အရပ်သားသုံးဦး သေဆုံးသွားကြောင်း ပြည်နယ်အရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ပေကျင်းမြို့တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လေထုသန့်ရှင်းရေး ယွမ်ငွေဘီလီယံ ၁၀၀ သုံးစွဲမည်ဟုဆို

ပေကျင်း ဩဂုတ် ၆

**တရုတ်နိုင်ငံမြို့တော် ပေကျင်းတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းရေးနှင့် လေထုသန့်ရှင်းမှု တိုးတက်ဖြစ်ပေါ်စေရေးအတွက် ယွမ်ငွေဘီလီယံ၁၀၀ကို သုံးစွဲသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပတ်ဝန်းကျင် ထိန်းသိမ်းမှုရေးရာအရာရှိတစ်ဦးက ဩဂုတ် ၃ရက်၌ ပြောကြားလိုက်သည်။**

အဆိုပါ ငွေကြေးများကို ပေကျင်းမြို့၏ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းရေးအစီအစဉ် ကဏ္ဍ ၁၂၃ တွင် သုံးစွဲသွားရန်ဖြစ်ကြောင်း၊ ထိုသို့ ငွေကြေးကျခံသုံးစွဲခြင်းကြောင့် ကောင်းမွန်သောရလဒ်ကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ပတ်ဝန်းကျင်ရေးရာထိန်းသိမ်းကာကွယ်ရေး စီမံခန့်ခွဲမှု(အက်စ်အီးပီအေ)လက်အောက်မှ ဒေသဆိုင်ရာ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး၏ ဒုတိယညွှန်ကြားရေးမှူး လီစင်မင်က ပြောကြားသည်။

ပေကျင်းမြို့တော်သည် ပြီးခဲ့သည့်နှစ်က ရက်ပေါင်း ၂၃၀ခန့် လေထုသန့်ရှင်းမှုအနေအထားရှိခဲ့ရာ အမျိုးသားလေထု အရည်အသွေး အဆင့်အမြင့်ဆုံး သို့မဟုတ် အဆင့်နှစ်အထိ ရှိခဲ့သည်။

ပေကျင်းမြို့တွင် ၂၀၀၅ခုနှစ်က ကျောက်မီးသွေးလောင်စာ အသုံးပြုဘွိုင်လာများ အသစ်ပြုပြင်ခဲ့ပြီး တက္ကစီကားဟောင်း ၂၈၀၀၀အား အစားထိုးကာ ဒီဇယ်အင်ဂျင်သုံး ဘတ်စ်ကားများကိုလည်း အသစ်လဲလှယ်အသုံးပြုခဲ့ကြောင်း လီစင်မင်က ပြောကြားသည်။

အက်စ်အီးပီအေ အနေဖြင့် ပေကျင်းမြို့တော်တွင် မော်တော်ကားများမှ ထွက်ရှိသည့်မီးခိုးများ လျော့ကျရေးကို တိုးတက်အောင် ဆောင်ရွက်နေပြီး မော်တော်ကားအဟောင်းများ နေရာတွင် အသစ်များ အစားထိုး လဲလှယ် အသုံးပြုနေကြောင်းလည်း လီစင်မင်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မလေးရှားမှငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ လက်ဘနွန်သို့ စေလွှတ်ရန်စီစဉ်နေ

**ကွာလာလမ်ပူ ဩဂုတ် ၆**

မလေးရှားနိုင်ငံက ချက်ချင်းအပစ်အခတ်ရပ်စဲရန် တိုက်တွန်းခဲ့ပြီး လက်ဘနွန်သို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၀၀၀ စေလွှတ်မည်ဖြစ်ကြောင်း မလေးရှားစစ်ဘက်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၄ရက်တွင် ပြောကြားလိုက်သည်။

**စောင့်ဆိုင်း**

မလေးရှားလက်နက်ကိုင် တပ်ဖွဲ့ဝင်များသည် အစိုးရ၏မီးစိမ်းပြမှုကို စောင့်ဆိုင်းနေကြပြီး ထွက်ခွာရန်အသင့်ပြင်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး အင်ဝါမွတ်နောက ကွာလာလမ်ပူ၌ သတင်းထောက်များအား ပြောကြားသည်။

ယင်းတပ်ဖွဲ့သည် သံချပ်ကာယာဉ်များနှင့် အဆင့်မြင့်တပ်ဖွဲ့ဝင်များ ပါဝင်သည်။

**ကိုးကားဖော်ပြ**

မိမိတို့တပ်ဖွဲ့ဝင်များသည် ဘော့စနီးယား-ဟီဇာဂိုဗီနာ၊ ဆိုမာလီယာနှင့် အခြားအတွေ့အကြုံရရှိထားသည့် ရင့်ကျက်သည့်ငြိမ်းချမ်းရေး တပ်ဖြစ်ကြောင်း ယင်းအတွေ့အကြုံများက စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အသင့်ရှိကြောင်း အင်ဝါက ပြောကြားသည်ကို ဘားနားမားသတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ




**စာအုပ်ပြပွဲ စည်ကား**

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် ၂၀၀၆ခုနှစ် ရှန်ဟိုင်းစာအုပ်ပြပွဲ၌ လာရောက် ဝယ်ယူသူများနှင့် စည်ကားနေသည်ကို ဩဂုတ် ၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန် အွန်လိုင်းအင်တာနက်ကုမ္ပဏီ ဝန်ဆောင်မှုလုပ်ငန်း ၂၆ရာခိုင်နှုန်းကို လျှော့ချသွားမည်

လော့အိန်ဂျလိ့စ် ဩဂုတ် ၆

**အမေရိကန်အွန်လိုင်း အင်တာနက်ကုမ္ပဏီက ကမ္ဘာတစ်ဝန်းရှိ ၎င်း၏ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း ၅၀၀၀ (သို့မဟုတ်) လုပ်ငန်းအားလုံး၏၂၆ရာခိုင်နှုန်းကို လျှော့ချသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဖြတ်တောက်လျှော့ချမှုကို လာမည့် ခြောက်လ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ဩဂုတ် ၃ရက်၌ သတင်းထုတ်ပြန်သည်။**

**ပြောကြား**

အေအိုအယ်လ်ကုမ္ပဏီအနေဖြင့် လေးနှစ်အတွင်း အင်တာနက်ချိတ်ဆက်အသုံးပြုမှုများ လျော့နည်းကျဆင်းသွားပြီးနောက်ပိုင်း အရောင်းနှင့်အမြတ်များကို ပြန်လည်ဆန်းစစ်နိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်သည်ဟု အေအိုအယ်လ် အုပ်ချုပ်ရေး အကြီးအကဲ ဂျိုနသန်မီလာက ပြောကြားသည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံး မီဒီယာပိုင်းဆိုင်ရာ အင်တာနက်လုပ်ငန်းကုမ္ပဏီဖြစ်သည့် အေအိုအယ်လ်သည် ပြီးခဲ့သည့်နှစ်ကပင် လုပ်ငန်းအလုပ်အကိုင် ၇၀၀၀ ခန့် လျှော့ချမည်ဟု ကြေညာခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် ငွေကြေးထိန်းချုပ်မှုတစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

**အင်တာနက်လုပ်ငန်း**

အေအိုအယ်လ်သည် ကမ္ဘာတစ်ဝန်း၌ လုပ်ငန်းပေါင်း ၁၉၀၀၀ ခန့်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**



# လက်နှင့်ခြေချောင်း ၂၇ ချောင်းပါရှိသော ကလေးငယ်

**လက်နှင့်ခြေချောင်း စုစုပေါင်း ၂၇ချောင်းပါရှိသော ကလေးငယ်ကို တွေ့ရစဉ်။** (အပေါ်ပုံ)

တရုတ်နိုင်ငံ ဟူနန်မြို့တွင် ဆေးကုသမှုခံယူနေသော ကလေးငယ်တစ်ဦးမှာ ဘယ်လက်တွင် လက်ချောင်းခုနစ်ချောင်း၊ ညာဘက်တွင် လက်ချောင်းရှစ်ချောင်း၊ ခြေထောက်တစ်ဖက်လျှင် ခြေချောင်းခြောက်ချောင်းစီပါရှိရာ စုစုပေါင်း လက်နှင့်ခြေချောင်း ၂၇ချောင်းပါရှိသည့် ထူးခြားသော ကလေးငယ်တစ်ဦးဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ခရီး ကီလိုမီတာ ၁၄၀၀၀ မောင်းနှင်သည့်ကား

**ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး မော်တော်ကားများတွင် ပါဝင်သော ကားတစ်စီးကိုတွေ့ရစဉ်။** (အောက်ပုံ)

အဆိုပါ မော်တော်ကားကို ၁၉၃၀ပြည့်နှစ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့မှ ၂၀၀၆ ခုနှစ် ဧပြီ ၂၉ ရက်က မောင်းနှင်လာခဲ့ပြီး စိန့်ပီတာစဘတ်နှင့် မော်စကိုမြို့တို့အပါအဝင် ဥရောပနှင့် အာရှမြို့ကြီးအများအပြားကို ဖြတ်သန်းမောင်းနှင်ခဲ့ရာ တရုတ်နိုင်ငံ နန်နင်းမြို့သို့ ဩဂုတ် ၁ရက်က ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ သက်တမ်းရင့်နေသော်လည်း အင်ဂျင်စွမ်းအား ကောင်းမွန်ကြောင်း ပြသမှုအဖြစ် မောင်းနှင်ခဲ့ရာ စုစုပေါင်း ခရီးကီလိုမီတာ ၁၄၀၀၀ခန့်ရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**




# စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယ-နိုင်ဂျီးရီးယား သဘောတူလက်မှတ်ရေးထိုး

လာဂို့စ် ဩဂုတ် ၆

**အိန္ဒိယနှင့် နိုင်ဂျီးရီးယား နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း နိုင်ဂျီးရီးယားသတင်းဌာနက ဩဂုတ် ၃ ရက်၌ သတင်းထုတ်ပြန်သည်။**

ထိုသို့ နားလည်မှုစာချွန်လွှာကို နိုင်ဂျီးရီးယားနိုင်ငံ ကာဒူနာပြည်နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် အိန္ဒိယနိုင်ငံ၏ အသေးစားစက်မှုလုပ်ငန်းများ ဆိုင်ရာ ကော်ပိုရေးရှင်းတို့က နိုင်ဂျီးရီးယားနိုင်ငံ ကာဒူနာမြို့တွင် ဩဂုတ် ၂ ရက်က နားလည်မှုစာချွန်လွှာ(အမ်အိုယူ)ကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

**ဆောင်ကြဉ်း**

အဆိုပါ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာသည် အိန္ဒိယနှင့်နိုင်ဂျီးရီးယား နှစ်နိုင်ငံတို့၏ အနာဂတ်ဆက်ဆံရေးကိုလည်း တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း ကာဒူနာပြည်နယ်အုပ်ချုပ်ရေးမှူး အာမက်မာကာတီက ပြောကြားသည်။

**စေလွှတ်**

ထိုနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာအရ နိုင်ဂျီးရီးယားမှ အရာရှိများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အိန္ဒိယနိုင်ငံသို့ မကြာမီစေလွှတ်မည်ဖြစ်သည်။

**ပထမဆုံး**

ယခု နားလည်မှုစာချွန်လွှာမျိုးသည် အိန္ဒိယနှင့်နိုင်ဂျီးရီးယား နှစ်နိုင်ငံအကြား ပထမဆုံးပင်ဖြစ်ကြောင်း နိုင်ဂျီးရီးယားဆိုင်ရာ အိန္ဒိယ မဟာမင်းကြီး ဟာရီဗစ်ဝါနာသန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



## ဆက်ကပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မကြီးကြီးလမ်း အမှတ် ၆၉ နေ ဦးဘစိန်-ဒေါ်ဟုန် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

အလားတူ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ လမ်းသစ်လမ်း အမှတ် ၆၈ နေ ဦးတင်အေး-ဒေါ်သန်းရီ၊ သား ဒေါက်တာကျင်ကင်း၊ သမီး ဒေါ်အေးမြင့်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)တို့ထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

**(က-ပ)**

## ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း နယ်လှည့်ကုသ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်း ဆရာတော် ဦးဆောင်အစီအစဉ်ဖြင့် ရွှေပြည်ဟိန်းကျောင်း၌ ကုသိုလ်ဖြစ် ဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိရာ အထွေထွေနှင့် အထူးကု ဆရာဝန်များက နေ့စဉ် ညနေ ၄ နာရီမှ ည ၈ နာရီအထိ ပိတ်ရက်မရှိ သွေးချိုတိုင်းတာခြင်းနှင့် အီးစီဂျီနှလုံးစမ်းသပ်စက်ဖြင့် တိုင်းတာခြင်းများကို ပြုလုပ်ပေးလျက်ရှိပြီး ယခုအခါမြို့နယ်များသို့ လှည့်လည်၍ ကုသိုလ်ဖြစ် ကုသခြင်းများကိုပါစတင်မည်ဖြစ်သည်။ တနင်္လာနေ့ နံနက်တိုင်း ၈ နာခွဲမှ ၉နာရီခွဲအထိ သုဝဏ္ဏ (၂၉)ရပ်ကွက် ကောက်လျင်လမ်း ဓမ္မာရုံ၌လည်းကောင်း၊ ၉ နာရီခွဲမှ ၁၁ နာရီအထိ သဃ်ာန်းကျွန်း သံသုမာလမ်း သွပ်ဝိုင်းကြီးရပ်ကွက် မုန့်ဟင်းခါးဆိုင်၌ လည်းကောင်း၊ သောကြာနေ့တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကြည့်မြင်တိုင် ထီးတန်းဈေး၌ လည်းကောင်း၊ စနေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ တောင်ဥက္ကလာပ၊ ၁၄/၂၊ ၁၀ လမ်း၌ လည်းကောင်း၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ မြောက်ဥက္ကလာပ ဝေဘာဂီလမ်း မြနှင်းဖြူခန်းမ၌ လည်းကောင်း စုရပ်အစီအစဉ်ထားရှိကာ အထွေထွေကုသမှု အစီအစဉ်များ အပတ်စဉ် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် ၇၀ နေ မိခင်ကြီး ဒေါ်ကျောက်ဝါး မွေးနေ့ အမှူးထားပြီး(သား) ဦးကျော်ဝင်း၊ ဒေါ်စူး မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)



## ဆေးလိပ်ငွေ့ရှူရှိုက်မိသူများ အရိုးပွရောဂါဖြစ်ပွားနိုင်

ကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ငွေ့ ရှူရှိုက်မိသူများသည် အရိုးပွရောဂါများ ဖြစ်ပွားလာမှု များပြားလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**သုံးဆတိုး**

အဆိုပါ သုတေသနပြုချက်ကို တရုတ်နှင့် အမေရိကန်ရှိ သုတေသနပညာရှင်များက ပူးပေါင်းလေ့လာခဲ့ပြီး ဆေးလိပ်ငွေ့ရှူရှိုက်မိသူများမှာ အရိုးပွရောဂါများ ဖြစ်လာသည်ကို တွေ့ရကြောင်း၊ အမျိုးသမီးများတွင် ယင်းကဲ့သို့ ဆေးလိပ်ငွေ့ရှူမိသဖြင့် အရိုးရောဂါဖြစ်ပွားရန် အလားအလာရှိသူပေါင်း သုံးဆတိုးလာကြောင်း ၎င်းသုတေသီများက ပြောကြားသည်။

တိုရွန်တိုမြို့၌ကျင်းပသော နိုင်ငံတကာ အရိုးပွရောဂါဖောင်ဒေးရှင်း အစည်းအဝေးတွင် ဆေးလိပ်သောက်ခြင်းကြောင့် အမျိုးသားများနည်းတူ အမျိုးသမီးများမှာလည်း စွန့်စားနေရကြောင်း လေ့လာတင်ပြထားသည်။

**တွေ့ရှိချက်**

ဆေးလိပ် သောက်ခြင်းနှင့် အရိုးပွရောဂါဖြစ်ပွားမှုမှာ ဆက်စပ်မှုရှိနေကြောင်း အဆိုပါသုတေသနကျွမ်းကျင်ပညာရှင်များက လေ့လာတွေ့ရှိချက်ကို ပြောကြားသည်။

**လေ့လာတင်ပြ**

နှစ်စဉ် ဗြိတိန်နိုင်ငံ၌ အမျိုးသမီး သုံးဦးလျှင် တစ်ဦးနှုန်း အရိုးပွရောဂါ ဖြစ်ပွားနေချိန်တွင် အမျိုးသား ၁၂ဦးလျှင် တစ်ဦး အရိုးပွရောဂါဖြစ်နေကြောင်း၊ ယင်းနိုင်ငံ၌ တစ်နှစ်လျှင် ဆေးလိပ်သောက်ခြင်းကြောင့် အရိုးကျိုးသူ ၂၀၀၀၀၀ ခန့် ရှိကြောင်း၊ တစ်နေ့လျှင် လူ ၄၀ သေဆုံးနေကြောင်း လေ့လာဖော်ပြထားသည်။

**(အင်တာနက်)**



**အင်တာနက် သတင်းနှင့်ဓာတ်ပုံ**

# မြန်မာ့အလင်း သီတင်းတစ်ပတ်အတွင်း နိုင်ငံတကာသတင်းအကျဉ်း

## စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

**ကမ္ဘာတစ်ဝန်းတွင် သီတင်းရက်သတ္တပတ်အတွင်း ဖြစ်ပျက်ခဲ့သည့် နိုင်ငံတကာထူးခြားဖြစ်စဉ် သတင်းများကို မြန်မာ့အလင်း ပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။**

**ဇူလိုင် ၃၁ ။**

- ကမ္ဘာတစ်ဝန်းတွင် လာမည့် ၂၀၁၀ ပြည့်နှစ်မတိုင်မီ မိုဘိုင်းလ်တီဗွီ သုံးစွဲသူအရေအတွက်သည် ၂၄ သန်းအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း ဝိုင်ယာလက်နှင့် မိုဘိုင်းလ်ဆက်သွယ်ရေးဆိုင်ရာ သုတေသနအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။
- လန်ဒန်မြို့ ဟိုက်ပတ်ဥယျာဉ်ရှိ ကန်တော်ကြီးတွင် နေရောင်ခြည်စွမ်းအင်သုံး ကူးတို့ရေယာဉ် ပထမဆုံးစတင်ပြေးဆွဲရာ ကမ္ဘာပေါ်တွင် နေရောင်ခြည်စွမ်းအင်သုံး ပြေးဆွဲသည့် ပထမဆုံး ကူးတို့ရေယာဉ်ဖြစ်သည်။ အဆိုပါ ကူးတို့ရေယာဉ်သည် နေရောင်ခြည်ကိုစုပ်ယူသော ရောင်ခံပြား ၂၇ ပြားပါရှိပြီး တစ်နာရီ ငါးမိုင်နှုန်း ခုတ်မောင်းနိုင်သည်။
- တရုတ်နိုင်ငံ အမျိုးသားကာကွယ်ရေးဆိုင်ရာ ပညာရေးအတွက် ကျောင်းများ နိုင်ငံတစ်ဝန်းတွင် ၁၈၀၀၀ ကျော်ရှိရာ နှစ်စဉ် တရုတ်လူငယ်သန်း ၂၀ ကျော် တက်ရောက်လေ့လာဆည်းပူးခဲ့ကြကြောင်း၊ ၁၉၈၆ ခုနှစ်က စတင် တည်ထောင်ဖွင့်လှစ်ခဲ့သော အဆိုပါကျောင်းများ၏ သက်တမ်းမှာ ၁၀ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

**ဩဂုတ် ၁ ။**

- အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် အပြည့်အဝထောက်ခံခဲ့မှုနှင့် ဖြည့်ဆည်းကူညီပေးခဲ့မှုကြောင့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ကို အီရန်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အား အီရန်သမ္မတ အာမက်ဒီနိရက်က ချီးမြှင့်လိုက်သည်။
- လာမည့် ငါးနှစ်တာကာလတွင် အိန္ဒိယနိုင်ငံ၏ အိုင်တီကဏ္ဍတွင် ဂျာမနီနိုင်ငံက ဒေါ်လာ တစ်ဘီလီယံကျော် ထပ်မံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျရက်ပြည်နယ်တွင် မုတ်သုံမိုး သည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူထောင်ပေါင်းများစွာ ရေဘေးဒုက္ခခံစားခဲ့ရပြီး ၁၀၀ ခန့် သေဆုံးခဲ့ရသည်။ ထို့အပြင် အိုးအိမ်ပေါင်းများစွာလည်း ပျက်စီးခဲ့ရသည်။
- တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်မှု (၇၉)နှစ်မြောက်နေ့ အခမ်းအနားတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့ဝင် ၂ ဒသမ ၃ သန်း ပါဝင်ဆင်နွှဲခဲ့ကြသည်။ ၎င်းတပ်ဖွဲ့ဝင်အရေအတွက်သည် ကမ္ဘာပေါ်၌ တပ်ဖွဲ့ဝင်အများဆုံးဖြစ်သည်။

**ဩဂုတ် ၂ ။**

- စစ်မက်ဖြစ်ပွားနေသော လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးတို့က စစ်အင်အားတိုးမြှင့်သုံးစွဲခဲ့မှုကြောင့် ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စုစုပေါင်း ဒုံးကျည် ၂၃၀ ပစ်ခတ်ခဲ့သည်။ အဆိုပါဒုံးကျည်အရေအတွက်သည် တစ်နေ့တည်းနှင့် အစ္စရေးတို့မြို့ကြီးများပေါ်သို့ ပစ်ခတ်ခဲ့သော ဒုံးကျည်များအနက် အရေအတွက်အများဆုံးဖြစ်သည်ဟု ဟစ်ဇ်ဘိုလာတို့က ပြောကြားသည်။
- လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ဒေသဝန်းကျင်ကို အစ္စရေးတို့က ပထမဆုံးအကြိမ်အဖြစ် ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီက နောက်သီတင်းပတ်မတိုင်မီ အပစ်အခတ်ရပ်စဲရန် တောင်းဆိုလိုက်သည်။ အစ္စရေးတို့က အပစ်အခတ်ရပ်စဲရေးတွင် မိမိတို့အနေဖြင့် ဆန္ဒရှိကြောင်း၊ တကယ်လည်း မိမိတို့တပ်ဖွဲ့ဝင်နှစ်ဦး ပြန်လွှတ်လိုက်ပါက ပေးထားသည့်ကတိအတိုင်း အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ပြောကြားသည်။
- မယ်စကြဝဠာအဖြစ် ပူပူနွေးနွေး အရွေးခံထားရသော ပွာတိုရီကိုမယ် ဇူလီကာရီဗာရာမန်ဒိုဇာသည် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးအဖြစ် ပထမဆုံးရောက်ရှိလာကာ ဂျပန်တို့၏ ယူချီမီဇူရီးရာ ရေပက်ဖျန်းသည့်ပွဲတော်တွင် ပါဝင်ဆင်နွှဲပြီး တစ်ကမ္ဘာလုံးတွင် အပူချိန်မြင့်တက်လာမှုကို ကာကွယ်ရေးအတွက် နှိုးဆော်တိုက်တွန်းလိုက်သည်။

**ဩဂုတ် ၃ ။**

- တရုတ်နိုင်ငံတောင်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လူများစွာသေဆုံးခဲ့ရပြီး ပါကစ္စတန်နိုင်ငံတွင်လည်း မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုများကြောင့် လူများသေဆုံးခဲ့ရသည်။ အာဖရိကတွင် ပြင်းထန်သော ဆောင်းရာသီကြောင့် ဆီးနှင်းများ ထူထပ်စွာကျဆင်းပြီး ကျောက်တောင်များပြိုကျခဲ့ရာ ရှစ်နှစ်အတွင်း အဆိုးရွားဆုံး သဘာဝဘေးဒုက္ခခံစားခဲ့ရသည်။ တရုတ်နိုင်ငံတွင် ၁၀ ရက်အတွင်း မတော်တဆဖြစ်ရပ် ၇၀၀၀ ကျော်ဖြစ်ပွားခဲ့သဖြင့် ခရီးသွားများ မိုးလေဝသသတင်းကို နားထောင်ပြီးမှ ခရီးသွားကြရန် တရုတ်အာဏာပိုင်များက သတင်းထုတ်ပြန်သည်။
- ဘေရွတ်မြို့ ဆင်ခြေဖုံးဒေသများကို အစ္စရေးတို့က လေကြောင်းမှ ပထမဆုံးတိုက်ခိုက်သည်။ တစ်ချိန်တည်းမှာပင် လက်ဘနွန်တောင်ပိုင်း ကာနာကျေးရွာရှိ အဆောက်အအုံတစ်ခုအပေါ် အစ္စရေးတို့က လွဲမှားစွာ ဗုံးကြဲချမှုကြောင့် ကျေးရွာသား ၅၃ ဦး သေဆုံးရမှုဖြစ်ပေါ်ခဲ့သည်။
- ဂျပန် ရင်းနှီးမြှုပ်နှံသူများက တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း၌ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ကျော် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာသည်။
- အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အိန္ဒိယသမုဒ္ဒရာ ဆူနာမီကြိုတင်သတိပေးမှုဆိုင်ရာ ဆွေးနွေးပွဲက လူအများအသုံးပြုသည့် ကမ်းခြေများ၌ ဆူနာမီသတိပေးမှုစနစ် တပ်ဆင်မည်ဖြစ်ကြောင်း ကြေညာသည်။

**ဩဂုတ် ၄ ။**

- အူလမ်းကြောင်းသွေးယိုစိမ့်မှုရောဂါကြောင့် ခွဲစိတ်ကုသမှုခံယူရမည့် ကျူးဘားသမ္မတကက်စထရိုက သူ၏ညီဖြစ်သူအား ခေတ္တ အာဏာလွှဲအပ်ကြောင်း လက်မှတ်ရေးထိုးလိုက်သည်။ ခွဲစိတ်ကုသပြီး သတိပြန်ရချိန်မှာ နှစ်ရက်ခန့်ကြာမည်ဟု ဆရာဝန်များကပြောကြားသဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။
- အီရတ်နိုင်ငံတွင်ဖြစ်ပွားနေသော မငြိမ်မသက်မှုများက ပြည်တွင်းစစ်ဖြစ်ပွားနိုင်သည့်အနေအထားသို့ ဦးတည်နေကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ ဗိုလ်ချုပ်ကြီးဂျွန်က သုံးသပ်ပြောကြားလိုက်သည်။
- အစ္စရေးတို့ စစ်ဆင်တိုက်ခိုက်မှုများကြောင့် ယနေ့အထိ လက်ဘနွန်ပြည်သူ ၉၀၀ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသည်ဟု လက်ဘနွန်အစိုးရက သတင်းထုတ်ပြန်သည်။

**ဩဂုတ် ၅ ။**

- မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီက ဂျပန်နိုင်ငံနှင့်ပူးပေါင်းပြီး အမ်နှင့်အမ်ကွန်ဆိုဒိတ်တက်ရေးဆိုးဆက်ကုမ္ပဏီထူထောင်ကာ မုန့်လုပ်ငန်းများ လုပ်ဆောင်မည်ဟု ပြောကြားလိုက်သည်။ အသက် ၈၀ အရွယ်ရှိ မဟာသီသည် စီးပွားရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်တော့မည်ဖြစ်ရာ ရက်ပိုင်းအတွင်း အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း ပြောဆိုသည်။
- ဖို့ဒ်မော်တော်ကားကုမ္ပဏီ၊ ဂျင်နရယ်မော်တော်ကားကုမ္ပဏီနှင့် မာဇဒါမော်တော်ကားကုမ္ပဏီတို့က အပ်ပယ်လ်ကွန်ပျူတာကုမ္ပဏီနှင့် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်သည်။ ၎င်းစာချုပ်အရ အဆိုပါကုမ္ပဏီများမှထုတ်သော မော်တော်ကားများတွင် အပ်ပယ်လ်ထုတ်တေးဂီတဖျော်ဖြေရေးစက်များ ၂၀၀၇ ခုနှစ်ကုန်မှစ၍ တပ်ဆင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းရှိ မာလွန်မီးတောင်ပေါက်ကွဲတော့မည်ဖြစ်ကြောင်း ဖိလစ်ပိုင် အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်လိုက်သည်။ မာလွန်မီးတောင်သည် ၁၉၉၃ ခုနှစ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၇ ဦး သေဆုံးခဲ့ရသည်။

**ဩဂုတ် ၆ ။**

- အာဖရိကတိုက်တွင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ခြိမ်းခြောက်မှုကို စိုးရိမ်စရာကောင်းအောင် တွေ့ကြုံနေရကြောင်း တန်ဇန်းနီးယားနိုင်ငံက သတင်းထုတ်ပြန်သည်။ အာဖရိကတွင် အိတ်ချ်အိုင်ဗွီပိုးရပ်စ်ကူးစက်ခံရသူများမှာ မကြာမီကာလအတွင်း ၃၀ ရာခိုင်နှုန်းခန့် ရှိလာမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

**(ကိုးကား-အင်တာနက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် ဝါခေါင်လဆန်း၁၄ရက်**
**(အဖိတ်နေ့)**
**၇–၈–၂၀၀၆ရက်(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည်သာသနာ့ရိပ်သာ
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက–၂၊ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၅ ၅။ အကပဒေသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၃၅ ၈။ **"ပေါင်ပေါ်ကျတဲ့မီး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ဘုန်းလျံ၊ ညီညီမင်းထက်၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ–မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (မြတ်ဘုရားရှင်၏ဝါဆိုစဉ်) (ကူန္ဒာဆွေ စီစဉ်ရေးဖွဲ့ပူဇော်သည်)
၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း–၁၅)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာ သတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း–၁၇)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

# ရောဝတီတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်မိခင်နှင့်ကလေးအသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၆

**ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ဇူလိုင်၂၇ရက် နံနက်ပိုင်းတွင် ပန်းတနော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ အသင်းဝင်အဆိုပြုလွှာများ လက်ခံသည်။ ညနေပိုင်းတွင် မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပရဆေးပျိုးဥယျာဉ်ကို ကြည့်ရှုအားပေးကာ မူကြိုကျောင်း၌ ကလေး ကစားစရာအရုပ်များ ပေးအပ်ခဲ့သည်။**

### လက်ခံ

ထို့နောက် မအူပင်မြို့ ညှော့ရိပ်သာ အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ် အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ အသင်းဝင်အဆို ပြုလွှာများ လက်ခံသည်။

အလားတူ ဇူလိုင်၂၈ရက်တွင် မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ၌ ကျင်းပသည့် ကျန်းမာရေး အထောက် အကူပြု ယင်လုံအိမ်သာ ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ဒေသခံလူနာများအတွက် ဆေးဝါး စရိတ်ထောက်ပံ့ငွေ ကျပ်တစ်သိန်းပေး အပ်လှူဒါန်း၍ ရေလဲ ကလေးကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာတမ်း မျိုးစုံကို ပေးအပ်လှူဒါန်းကာ မူကြို ကျောင်း၌ ရင်သွေးငယ်များအား ကစားစရာ အရုပ်များ ပေးအပ်ခဲ့ သည်။

### တွေ့ဆုံ

တိုင်းမိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များသည် ညောင်တုန်းမြို့နယ် ဆားမ လောက်ကျေးရွာ မူကြိုကျောင်းတွင် ကစားစရာအရုပ်များနှင့် အာဟာရ မုန့်များပေးအပ်ကာ ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံ၌ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင် များနှင့် တွေ့ဆုံပြီး အမှာစကားပြော ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မအူပင်မြို့နယ် ရေလဲကလေး ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ် စာတမ်းများ ပေးအပ် လှူဒါန်းစဉ်။**

(သတင်းစဉ်)

# မေတ္တာဖြူစင် အာနိသင်

❒ ဟိမဝန္တာ
မဟာဂနိုင်၊ မြိုင်ဇာ၏အနီး
တောအုပ်ကြီးမှာ၊ ငါးရာရဟန်း
ကမ္မဋ္ဌာန်းဖြင့်၊ စီးဖြန်းစရဏ
သီလရှိန်စော်၊ အာနုဘော်ကြောင့်
နတ်ဖော်အများ၊ ဖယ်ရှားနေရာ
တည်ရာမရ၊ နှောင့်ယှက်ကြသည်
ကြောက်မက်အဆင်း၊ ရုန့်ရင်းအသံ
နံဟောင်ပုပ်နံ့၊ ထိတ်လန့်အောင်လျှင်
တိုက်ပွဲဆင်သော်၊ ရဟန်းတော်များ
ချောက်ချားပင်ပန်း၊ ကိုယ်စိတ်နွမ်းကြ
ကမ္မဋ္ဌာန်းနှင့်၊ အလှမ်းဝေးကြလေပြီတည်း။

❒ မကျင့်နိုင်စွမ်း၊ ကမ္မဋ္ဌာန်းနှင့်
ဆွမ်းမဝင်လျက်၊ ကျိန်းစက်မပျော်
ညှိုးလျော်ပိန်ချုံး၊ နှလုံးမသာ
ကြုံကြရာလျှင်၊ ဘုရားရှင်ရှိရာ
သာဝတ္ထိမြေ၊ ဇေတဝန်ဝိဟာ
ကျောင်းတော်သာသို့၊ ကာလဝါတွင်း
ဝါကပ်ရင်းပင်၊ ခရီးနှင်ရ
ချဉ်းကပ်ကြသည်၊ ဒုက္ခသစ္စာပါတကား။

❒ မြတ်ဘုရားရှင်၊ ကြောင်းစုံလင်ကို
ကြားမြင်ပြီးက၊ မေတ္တသုတ်တော်
ဟောဖော်ညွှန်ကာ၊ မေတ္တာလက်နက်
တပ်ဆင်လျက်နှင့်၊ ဆက်လက်အားထုတ်
တောအုပ်သို့ပြန်၊ ဘေးရန်မသန်း
အေးချမ်းစေကာ၊ မေတ္တာဖြာသည်
မဟာကရုဏာကြီးစွတည်း။

❒ ရဟန်းငါးရာ၊ မေတ္တာစီးဖြန်း
ကမ္မဋ္ဌာန်းဓာတ်၊ သီလမြတ်ကြောင့်
နတ်များချစ်ခင်၊ မေတ္တာဝင်၍
ကြည်လင်ငြိမ်းချမ်း၊ ဘေးမသန်းဘဲ
ရဟန္တာဘဝ၊ ရောက်ကြရသည်
မေတ္တာအလှ၊ လောကတစ်ခွင်
သန့်စင်အေးချမ်း၊ ငြိမ်းချမ်းညီညွတ်
ကြည်ဖြူချစ်ခင်၊ ပြစ်မျိုးစင်ကင်း
ချမ်းမြေ့ခြင်းဓာတ်၊ ထွေးပတ်လွှမ်းခြုံ
ပျံ့မွှေးထုံစွာ၊ မေတ္တာအာနိသင်
ကောင်းကျိုးထင်သည်၊ တိမ်စင်ကင်းပ
ရွှန်းလက်လှသည့်၊ ငွေလသော်တာ ပမာတည်း။ ။

**ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ကို ရည်ညွှန်းလျက်–**
**ဦးအောင်မွန် (မဟာဝိဇ္ဇာ)**

■ **ကျောဖုံးမှ**

ပန်းချီဆရာကြီး ဦးသောင်းဟန်က "ရှေးနှစ်ပေါင်းများစွာ ကတည်းက တည်ရှိလာခဲ့တဲ့ ပန်းချီပညာရပ် မပျောက်မပျက် မတိမ်ကောအောင်၊ တိုးတက်ဖွံ့ဖြိုးလာအောင်နဲ့ ပန်းချီ ပညာရပ်နဲ့ ပတ်သက်တဲ့ ဗဟုသုတ တွေကို သိရှိအောင် အခုလို ဟော ပြောမှု၊ ဆွေးနွေးမှုနဲ့ လက်တွေ့ရေးဆွဲ ပြသမှုတွေ မကြာခဏပြုလုပ်ပေးနေ ခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်း သို့ ပြောကြားသည်။

"ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ ရန်၊ ပု၊ မော့ မှတ်လော့ ပွတ်၊ ချီ၊ ယွန်း" ဆိုသည့် ရာဇာဝါဒပျို့ထဲမှ စာသား အတိုင်း မြန်မာ့ပန်းဆယ်မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပန်းချီပညာ ရပ်သည် ခေတ်အဆက်ဆက်တွင် တင့်တင့်တယ်တယ် ရှိခဲ့သည်ချည်း ဖြစ်သည်။ ထိုသို့ ရှိနေအောင်လည်း မြန်မာ့ပန်းချီဆရာကြီးများ ကြိုးစားခဲ့ မှုနှင့် ပတ်သက်၍ "ပုဂံခေတ်ကတည်း ကလည်း ပန်းချီ ဆရာကြီးတွေက နန်းတွင်းပန်းချီရေးဆွဲတဲ့အခါ အများ ပြည်သူကြည့်ရှုနိုင်အောင် ရေးဆွဲခဲ့ကြ သလို အလျဉ်းသင့်သလို ပန်းချီပညာ နဲ့ ပတ်သက်ပြီး ပြောကြားခဲ့ကြတယ်။ အခုလည်း ပန်းချီ ရေးဆွဲမှုအနေနဲ့ လူပုဂ္ဂိုလ်၊ သဘာဝရှုခင်း၊ အသီးအနှံ များနဲ့ ပုံတူပန်းချီရေးဆွဲနည်းတွေကို ဗဟုသုတရအောင် ပြောပြသွားမှာပါ" ဟု ပန်းချီဆရာကြီး ဦးသောင်းဟန် က ရှင်းပြသည်။

### ပြောကြား

ထို့အပြင် "ဒီလိုပန်းချီအကြောင်း ကို ရှင်းပြတဲ့အခါ လက်တွေ့ ဘယ်လို ရေးဆွဲရမယ်၊ အယူအဆ၊ အတွေး အခေါ်နဲ့ အရောင် သုံးစွဲမှုတွေက အစ ဘယ်လိုသုံးရမယ် ဆိုတာတွေကို လူငယ်၊ လူလတ်၊ လူကြီး အနေ အထားမျိုးစုံ သိနိုင်အောင်လည်း ပြော ကြားသွားမှာ"ဟု ဆက်လက်ပြော ကြားသည်။

တစ်ဖန် "လာရောက်နားထောင် လေ့လာသူတွေကလည်းမရှင်းတာတွေ၊ နားမလည်တာတွေကို မေးမြန်းလို့ ရပါတယ်။ မိမိတို့ တွေ့ကြုံ ဖြတ်သန်း ခဲ့ရတဲ့ ပန်းချီပညာ အကြောင်းကတော့ သိသမျှ၊ လေ့လာထားသမျှ အကုန် ပြောပြပေးသွားမှာပါ။ မျိုးဆက် လူငယ်တွေအနေနဲ့ ကိုယ်သိသမျှ သိ အောင်၊ ကိုယ်မှားခဲ့ အားနည်းခဲ့တာ မျိုးတွေ မဖြစ်ရအောင်လည်း ပညာ ပေးမှုတွေ ပြုလုပ်ပေးသွားမှာပါ"ဟု ဦးသောင်းဟန်က ပြောကြားသည်။

### ၇၄ ဖွဲ့

ယခုကဲ့သို့ ပန်းချီပညာအကြောင်း ဆွေးနွေးပြောကြားမှုတွင်လည်း မြန်မာ နိုင်ငံတွင် ထင်ရှားကျော်ကြားသော ပန်းချီဆရာများက လာရောက်ဆွေး နွေးဟောပြောနိုင်အောင်လည်း စီစဉ် ထားကြောင်းသိရသည်။ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး အနေဖြင့် မြို့နယ်အဖွဲ့အစည်းများ ကိုလည်း တိုးချဲ့ ဖွဲ့စည်းလျက်ရှိရာ ယခုအခါ မြို့နယ်အဖွဲ့အစည်းပေါင်း ၇၄ဖွဲ့ခန့် ရှိနေကြောင်းသိရသည်။

### ထုတ်ဝေနေ

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင် များအစည်းအရုံး (ဗဟို)၏ လက်ရှိ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပန်းချီ ဆရာကြီး ဦးသောင်းဟန်က "ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးပြခန်းမှာ တော့ ပန်းချီပြပွဲတွေ တစ်နှစ်ပတ်လုံး ပြသနေတယ်၊ အုပ်စုလိုက်ရော၊ တစ်ဦးချင်း ပန်းချီပြပွဲတွေ အဆက် မပြတ်ပါဘူး၊ အခုလိုလည်း ပန်းချီနဲ့ ပတ်သက်တဲ့ ဟောပြောပွဲတွေ၊ လက်တွေ့ရေးဆွဲ ပြသတာတွေကို မကြာခဏပြုလုပ်နေတယ်၊ ဒါ့အပြင် ပန်းချီပညာအကြောင်း အများဆုံး ပါ ဝင်တဲ့ ပန်မဂ္ဂဇင်းနဲ့ ကလေးငယ်တွေ အတွက် အလှအပ ဂျာနယ်ကိုလည်း ထုတ်ဝေနေပါတယ်"ဟုမြန်မာ့အလင်း သို့ ရှင်းပြသည်။

ထို့အပြင် မြန်မာ့အသံ၊ မြဝတီနှင့် MRTV-4 တို့တွင်လည်း ပန်းချီ ပညာနှင့်ပတ်သက်၍ ဆွေးနွေးဟော ပြောမှုများ ထုတ်လွှင့်ပေးလျက်ရှိပြီး မြန်မာ့ပန်းချီပညာရပ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက်လည်း ကောင်း၊ လူငယ်ပန်းချီဆရာမျိုးဆက် သစ်များ အရည်အသွေးမီ၊ အဆင့် အတန်းမြင့်အောင်လည်း ယခုလိုပန်းချီ ပညာရပ်ဆိုင်ရာ လက်တွေ့ရေးဆွဲ ဟောပြောပို့ချမှုများကို မပြတ်တမ်း ပြုလုပ်လျက်ရှိရာ ပန်းချီပညာကို ချစ် မြတ်နိုးသောပြည်သူများ လာရောက် လေ့လာ ဆည်းပူးသင့်ပါကြောင်း ကွင်းဆင်းမေးမြန်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်က ပန်းချီပညာရပ်နှင့် ပတ်သက်၍ ဤသို့ဆွေးနွေးပြောကြားသည်။**
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြိုင်ကြီးငူအထူးဒေသ ဂန္ဓကုဋိတိုက်စံကျောင်းတော်ရှိ ဘေသဇ္ဇမုနိကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဖူးမြော်ကန်တော့ကြကာ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့်အဖွဲ့ဝင်များအား ဒီကေဘီအေအဖွဲ့ ဧည့်ရိပ်သာ၌ တွေ့ဆုံကြသည်။

## ကူညီဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိတို့အဖွဲ့သည် ရည်ရွယ်ချက်နှစ်ခုဖြင့် ဤဒေသသို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ဆရာတော်အား ဖူးမြော်ကန်တော့ရင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် ဒေသအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားများတိုးချဲ့တည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းခြင်းလုပ်ငန်းများအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်နှင့် ဒုတိယရည်ရွယ်ချက်မှာ ဒီကေဘီအေအဖွဲ့အနေဖြင့် ဥပဒေဘောင်အတွင်း အများပြည်သူများနည်းတူ ဥပဒေနှင့်အညီနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရန်တို့ဖြစ်ကြောင်း။

ဆရာတော်၏ ဦးဆောင်မှုဖြင့် ကျောင်း၊ ကန်၊ ဘုရား၊ စေတီများတည်ဆောက်ခြင်း၊ ဘားအံမြို့ မြို့တွင်းလမ်းအား ချဲ့ထွင်ပေးခြင်း၊ မြိုင်ကြီးငူ–မဲသဝေါလမ်းအား မြေသားလမ်း ဖောက်လုပ်ခြင်းနှင့် ဒေသခံ ကရင်တိုင်းရင်းသူ တိုင်းရင်းသားကလေးသူငယ်များအား တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ အားပေးကူညီခြင်းနှင့် နိုင်ငံတော်က ကျင်းပပြုလုပ်သည့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကူညီပေးခြင်းစသည့်လုပ်ငန်းများသည် လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးပြုလုပ်ငန်းများ ဖြစ်သဖြင့် နတ်လူသာခုခေါ်ရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

## တိုးချဲ့စိုက်ပျိုး

ဆက်လက်ပြီး ပြောကြားလိုသည်မှာ ဒီကေဘီအေအဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အစည်းတည်ရှိသည့် နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများကို တပ်မတော်အစိုးရ၊ ပြည်သူတို့နှင့်အတူလက်တွဲ၍ မနားတမ်း ကြိုးပမ်းဆောင်ရွက်နေသည့် အဖွဲ့လည်းဖြစ်ကြောင်း၊ ယခုအခါ မိမိတို့



**ဒီကေဘီအေအဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော် မြိုင်ကြီးငူ အထူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြစဉ်။** (သတင်းစဉ်)

မိသားစုများအပါအဝင် အဖွဲ့အစည်းတစ်ခုလုံး ရေရှည်စားဝတ်နေရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲမည့် စိုက်ပျိုးရေးလုပ်ငန်းများကို ဇောက်ချပြီးဆောင်ရွက်သင့်ပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် လတ်တလောအရေးပြဿနာကို ဖြေရှင်းနိုင်မည့် စပါးကို အဖွဲ့အစည်းတစ်ခုလုံးအတွက် လုံလောက်သောမြေယာသစ်များ တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ စပါးအပြင် အချိန်တိုအတွင်း ဝင်ငွေရရှိနိုင်ပြီး ဤဒေသ၏ ရေမြေသဘာဝအရလည်း စိုက်ပျိုးဖြစ်ထွန်းသည့် ပြောင်း၊ ကြံနှင့်ပဲအမျိုးမျိုးတို့ကိုလည်း တစ်အုပ်တစ်မစိုက်ပျိုးထုတ်လုပ်ပြီး တချို့ သီးနှံများကို နယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တရားဝင်နည်းလမ်းများဖြင့် တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများလည်း ရှိကြောင်း၊ ရေရှည်အကျိုးရှိပြီး ဤဒေသ၌စိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကို အဓိကထား၍ စီးပွားဖြစ် စိုက်ပျိုးသင့်ကြောင်း၊ ယခုအခါ ရော်ဘာဧက တစ်သောင်းစိုက်ပျိုးရန် စီမံထားသည့်အတိုင်း ဧကသုံးထောင်ကျော်စိုက်ပျိုးပြီးပြီဟုသိရှိရကြောင်း၊ စိုက်ပျိုးပြီး ရော်ဘာပင်များဖြစ်ထွန်းရှင်သန်ရေးနှင့် နှစ်စဉ်အသစ်တိုးချဲ့စိုက်ပျိုးသွားရန်အတွက် လိုအပ်သည်များကို မိမိတို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ဝိုင်းဝန်းကူညီပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

## လက်ဆောင်ပစ္စည်း ပေးအပ်



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဒီကေဘီအေအဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

ဆက်လက်၍ ပြောကြားလိုသည်မှာ ဤမြိုင်ကြီးငူဒေသမှ ၂၀၀၅–၂၀၀၆ ခုနှစ် ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူ ၁၉ဦးအား တက္ကသိုလ်ပညာများ ဆက်လက်သင်ကြားနိုင်ရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီကေဘီအေအဖွဲ့အစည်းကို နယ်မြေလူထုမှ ချစ်ခင်လေးစားယုံကြည်အားကိုးသည့် အဖွဲ့အစည်းဖြစ်အောင် အများပြည်သူများနည်းတူ ဥပဒေဘောင်အတွင်း၌ ဥပဒေနှင့်အညီနေထိုင်ကြပြီး နယ်မြေလူထုအကျိုးကို သယ်ပိုးဆောင်ရွက်သွားကြရန် ပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးများက မြိုင်ကြီးငူအထူးဒေသ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပံ့ပိုးကူညီပေးနိုင်မည့်နည်းလမ်းများကိုကဏ္ဍအလိုက်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒီကေဘီအေအဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်က မြိုင်ကြီးငူအထူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုရေးလုပ်ငန်းများနှင့်လမ်းပန်းဆက်သွယ်မှုပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေမှုများနှင့် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

## လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များအပေါ် သုံးသပ်ဖြည့်စွက်မှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးပြီး ဒီကေဘီအေအဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်ထံ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူမှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ ဘားအံမြို့သို့ နံနက်၁၀နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဘားအံမြို့ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာလှမြင့်နှင့် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

## ကြိုတင်ကာကွယ်

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်းနှင့် ကလေးကုသဆောင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြပြီး အတွင်းရေးမှူး(၁)က နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်းကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့နေနိုင်ရေးဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများကလည်း ဆေးဝါးကုသပေးခြင်းအပြင် ရောဂါကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်ပေးရေး၊ ဒေသအတွင်း ရာသီအလိုက်ဖြစ်ပွားတတ်သည့် ရောဂါများ မဖြစ်ပွားမီကပင် ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရေး မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြရာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးမြသိန်းနှင့် ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က တက္ကသိုလ်၏သင်ကြားစီမံကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အသွေး စဉ်ဆက်မပြတ်တိုးတက်စေရေးအတွက် အမြဲမပြတ်လေ့လာဆည်းပူးကြရေး၊ ကျောင်းသူကျောင်းသားများအား လုပ်ငန်းခွင်လက်တွေ့ဘဝ နယ်ပယ်တွင် စွမ်းရည်ပြည့်ဝသည့် အသိပညာရှင်များအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်အောင် လေ့ကျင့်သင်ကြားပေးကြရေး၊ ကျောင်းစည်းကမ်း၊ အရပ်ဘက်စည်းကမ်းများကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများရရှိစေပြီး နိုင်ငံတော်၏ စည်းကမ်းဥပဒေများကို လိုက်နာစောင့်ထိန်းသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် သွန်သင်လမ်းညွှန်ပေးရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်တိုးပွားလာအောင် လေ့ကျင့်စည်းရုံးပေးကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ဘားအံ)သို့ရောက်ရှိခဲ့ကြရာ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်နှင့် ကထိကများ၊ လက်ထောက်ကထိကများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ နည်းပညာကောလိပ်(ဘားအံ) အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီးဒေါက်တာထွန်းကျော်မြင့်က ကျောင်း၏သင်ကြားရေး စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အတွင်းရေးမှူး(၁)က ကျောင်း၏လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်ရာတွင် အဓိကတာဝန်ယူကြရမည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးရေး၊ ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ စည်းကမ်းဥပဒေလေးစားလိုက်နာသူများ၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် လေ့ကျင့်ပြုစုပေးရေး မှာကြားသည်။

## ဖူးမြော်

ညပိုင်းတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ဘားအံမြို့ မဲဘောင်ကျောင်းဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသအား သွားရောက်ဖူးမြော်သည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားသည်။

ထို့နောက် အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့်ဝန်ကြီးများက ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ပြန်လည်ရောက်ရှိ

သြဂုတ် ၆ရက် နံနက်ပိုင်းတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ဘားအံမြို့မှ ရဟတ်ယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခရီးသွားလုပ်ငန်း လူ့စွမ်းအားအထူးကော်မတီအစည်းအဝေး
နှင့်
(၁၈)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း
လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေး
မြန်မာနိုင်ငံ၊ မန္တလေးမြို့
၉-၈-၂၀၀၆ မှ ၁၁-၈-၂၀၀၆

## ဝိဇ္ဇာတမင်္ဂလာပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ၊ ကလေးဝတောရ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဝိဇ္ဇာတပူဇာ မွေးနေ့မင်္ဂလာပွဲကို ၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်၇ရက်(အင်္ဂါနေ့)ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဝိဇ္ဇာတတွင် လယ်တီဝိပဿနာစာအုပ်များ၊ ကျောင်းတိုက်သံဃာ ၁၅၀၀တို့အား ဝါဆိုသင်္ကန်းများ၊ သီလရှင်၂၀၀ကျော်တို့အား ဝတ်စုံများ လှူဒါန်းပွဲများနှင့် ငွေပဒေသာပင်များ ရေစက်ချပွဲများ ကျင်းပပြီးလျှင်ပင့်သံဃာများနှင့် ကျောင်းတိုက်သံဃာ ၁၅၀၀ တို့အား နေ့ဆွမ်း ဆက်ကပ်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ရန် နာဂလိုဏ်ဂူ ဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၁-၆၅၁၀၆၄ မှ ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

## ရွှေရင်အေးဆရာတော် တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်း အင်းစိန်မြို့ ဇယမင်္ဂလာကျောင်းတိုက် (ပဓာနနာယက) မဟာစည်နယ်လှည့်ဓမ္မကထိက ရွှေရင်အေးဆရာတော်သည် ၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်မင်္ဂလာ ၂ လမ်း ဒက္ခိဏာရုံကျောင်းတိုက်၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီနှင့် ည ၇ နာရီတို့တွင် ရန်ကုန်တိုင်း အင်းစိန်မြို့ (က+ခ)ရပ်ကွက် ခ/၁၀ လမ်း ရွှေရင်အေးမဟာစည်ရိပ်သာတို့၌လည်းကောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

## ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်စာသင်ခုံလှူဒါန်း ပညာရေးကဏ္ဍဖွံ့ဖြိုးရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

**မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများသို့ စာသင်ခုံများလှူဒါန်းပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက် လေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။**

အစီအစဉ်အရ ကျောက်ပန်းတောင်းမြို့ လေးရွာအခြေခံပညာ မူလတန်းကျောင်း ရွှေအင်ကြင်းကျောင်းဆောင်သစ်အား အလှူရှင် ဦးကျော်ငြိမ်း-ဒေါ်မြတ်မွန်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

### ဝိုင်းဝန်းကြိုးပမ်း

ဆက်လက်၍ စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါကျောင်းခန်းမ၌ကျင်းပရာ တိုင်းမှူးက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် အလှူရှင်ဦးကျော်ငြိမ်းက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော စာသင်ခုံ ၇၄ စုံကိုလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က လှူဒါန်းသော စာသင်ခုံ ၁၂၆ ခုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

### လက်ခံရယူ

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင်ဦးကျော်ငြိမ်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်-ဒေါ်နီနီမိသားစုက လေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဒေါ်အကြူက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများသို့ ပေးအပ်လှူဒါန်းသည့် စာသင်ခုံများကို ကြည့်ရှုစစ်ဆေးသည်။

### ဆောက်လုပ်လှူဒါန်း

အဆိုပါ ရွှေအင်ကြင်း ကျောင်းဆောင်သစ်ကို ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်မှ အလှူရှင် ဦးကျော်ငြိမ်း-ဒေါ်မြတ်မွန်မိသားစုက ငွေကျပ် ၂၀၁ သိန်း အကုန်အကျခံကာ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိ၍ စာသင်ခန်းလေးခန်းပါရှိပြီး သွပ်မိုး၊ ကွန်ကရစ်ခင်း တစ်ထပ်ကျောင်းဆောင်အဖြစ် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျောင်းရှေ့မျက်နှာစာတွင် သပြေပင်များ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ အရိပ်ရပန်းအလှပင် ၂၀၀ စုပေါင်း စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






*စာမျက်နှာ ၃ မှ*

မဟာဗောဓိ မြတ်စွာဘုရားရွှေကျောင်းတော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းမှ ပဓာန နာယကဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များ၊ သီလရှင်ကျောင်းနှစ်ကျောင်းမှသီလရှင်ဆရာကြီး၊ ဆရာလေးများ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမ ကျိုက်ပိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

### ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်၊ ဧရာဝတီရေတပ် စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်နှင့် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းလွင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

### အလှူငွေများပေးအပ်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်မိသားစုက ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် နှစ်သိန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ငွေကျပ်၆၅၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ရန်ကင်းမြို့နယ်ပြည်သူများက ငွေကျပ်၄၅သိန်း၊ ဒေါ်သန်းမြင့် (အင်ကြင်းမြိုင်လမ်း ရန်ကင်းမြို့နယ်)၊ မိခင်ဒေါ်ညွန့်သန်း၊ ဦးသန်းဝင်း-ဒေါ်မြမြမိသားစု(ရွှေသစ္စာလမ်းသွယ် ရန်ကင်းမြို့နယ်)၊ ဒေါ်သောင်းညွှန့် မိသားစု (ကံဘဲ့ ဘူတာရုံလမ်း ရန်ကင်းမြို့နယ်)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးခင်မောင်ဝင်း-ဒေါ်သီတာထွန်း (မြသီတာသင်္ကန်းတိုက်) မိသားစု(ဦးဘိုးသုန်ရိပ်သာလမ်း မရမ်းကုန်းမြို့နယ်)၊ ဦးဝင်းသိန်း(ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်(BTB Co.,Ltd.)၊ ဦးသိန်းဝင်း-ဒေါက်တာရီရီနွယ်၊သားကျော်မျိုးမြင့် (ရွှေဝတ်ရည် စက္ကူစက်)နှင့် ဦးရှောက်ဆန်း (Yangon Crown Wire Co., Ltd.)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးဌေးဝင်း-ဒေါ်ရီရီသောင်း ရွှေ မိသားစု (ပိတောက်လမ်း၊ ပြည်ထောင်စုရိပ်မွန် သဃ်န်းကျွန်းမြို့နယ်)က ငွေကျပ် လေးသိန်း၊ ဦးအိုက်လင်း (ဂရိတ်နိုင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်) က ငွေကျပ် ၃၅၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါးမိသားစု (စန္ဒီပရ ဆေးတိုက်)က ငွေကျပ် ၃၀၃၀၀၀၊ ရန်ကင်းစင်တာ၊ အက်စ်ပီဒင်ဆောက်လုပ်ရေး(ရန်ကင်းမြို့နယ်)၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ ဦးသက်ဇော်-ဒေါ်ထားထားနွယ် (Kawasho Transport Co.,Ltd.)၊ ဦးချစ်မွှေး (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးခင်ဇော်(ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ ဦးကျော်နိုင်ဦး (Naing Groupဆောက်လုပ်ရေး)နှင့် ဒေါ်ခင်ဆွေဦး (မြန်မာသရဖူကုမ္ပဏီလီမိတက်)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမောင်မောင်နှင့် ညီများ(ဂရိတ်ဝေါဆေးဝါးထုတ်လုပ် ရေး)က ငွေကျပ် ၂၅၀၀၀၀၊ဦးစိုးသိန်း(ခနအောင်ကုမ္ပဏီလီမိတက်)-ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း(မြရတနာလမ်း ရန်ကင်းမြို့နယ်)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်) (ပြည်တော်အေးရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်)၊ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာဝင်းဇော် (ဓမ္မာရုံလမ်း ရန်ကင်းမြို့နယ်)၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်နန်းမွန် (အနော်ရထာလမ်း၊ ရန်ကင်းမြို့နယ်)၊ဦးဇော်ဝိတ်(Fisca အင်တာပရိုက် F.I.P)၊ ဦးမောင်မောင်သော်-ဒေါ်အေးအေးမြင့် မောင်နှမတစ်စု (မိုးကောင်း ဘုရားလမ်း၊ ရန်ကင်း)၊ ဦးနီထွေး-ဒေါ်စန်းစန်းဝင်းမိသားစု(အောင်ဇေယျလမ်း၊ ရန်ကင်း)၊ အာစိဏ္ဏကံ သာသနာ့ပါလနုဂ္ဂဟအသင်း(ရန်ကင်း)၊ ရွှေသံလွင်ဆောက်လုပ်ရေးလုပ်ငန်း၊ သီရိသုဓမ္မသီဂီ ဒေါ်အေးမြင့်၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်အောင်၊ သီရိသုဓမ္မသီဂီ ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)နှင့် ဦးစိုးမြင့်ထွန်း (Best Supporting Services) တို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### ရှင်းလင်းလျှောက်ထား

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အဖွဲ့ဝင် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

### မေတ္တာပို့

ထို့နောက် ရန်ကင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၁)၊ (၂)နှင့် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၁)တို့မှ ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ် ၁၀ မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၉၅ အိတ်၊ ဆီ ၁၆၁ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၃၀၂ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၁၅၁၂ ထုပ်၊ သွားတိုက်ဆား ၃၀၂ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၇၂၇ ဘူး၊ ဆပ်ပြာ ၁၅၁၂ တောင့်နှင့် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၂၀၀၄၈၉၄၀ ဖြစ်သည်။ (သတင်းစဉ်)

# ခိုင်ညှာပွင့်ကြူ ကုသိုလ်ယူလျက်

**"မျှော်ယောင်ကာ ပန်းတော့တယ်**
**သောင်ကမ်းငယ်ပြည့်လျှံ**
**နဒီငယ်ခြံသည်**
**ပြည်မင်းငယ် ရွှေဘုံက**
**အကုန်ထူးတဲ့ လကိုလေး။**
**ရာသီသိဟ်ငယ်၊ နေမိန္ဒရ**
**ဝါခေါင်လမို့၊ တောင်များထွက်စွန်**
**သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ**
**ပန်းခတ္တာနှင့်**
**ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့**
**လှူစာရေးတံ၊ သဘင်စုံခံဆဲမို့**
**လွမ်းရန်ဖွဲ့သည်ချိန်မှာ**
**ဒေဝရိန် ပဇ္ဇုန်မှူးငယ်က**
**မြူးလှတယ်လေး"။ ။**

(မဟာအတုလမင်းကြီး)

သိဟ်ရာသီ ဝါခေါင်လသို့ ရောက်ခဲ့လေပြီ။ တန်ခူး၊ ကဆုန်မှ စလာခဲ့သည့် မုတ်သုံမိုးသည် တရွေ့ရွေ့ အရှိန်အဟုန် ပြင်းလာခဲ့သည်။ နေ့မလင်း၊ ညမလင်း အာကာဘောင်တစ်ခွင်တွင် တိမ်ညိုသင်တိုင်း အထပ်ထပ်တို့က ညာဘယ်မလပ် လွှမ်းပတ်ကာယှက်ထွေးနေလေ့ရှိသည်။

မိုးသားတိမ်တိုက်တို့ တစ်ထပ်ပြီးတစ်ထပ် တက်ကာ မှိုင်းရီညိုမှောင် တစ်တောင်လုံးကဲ၍ လျှပ်ခြည်တို့ပတ်လည်တွင် ပြက်သန်းကာ တသောင်းသောင်း တသဲသဲ ဖြစ်နေတတ်သည်။ မိုးရေကို ဝလင်စွာ သောက်သုံးကြရသဖြင့် ရာသီပန်းခတ္တာမှာ ငွားငွားစွင့်စွင့် ပွင့်ဖူး၍ အလှကြူးနေလေသည်။

ဝါခေါင်လသည် မိုးများသောလဖြစ်၍မြန်မာ့ကျေးလက်ဒေသရှုမျှော်ခင်းသည် တစ်မျိုးတစ်ဖုံ လွမ်းစရာကောင်းလှသည်။ "သပြေကသီး ရေကကြီး၊ ထန်းသီးကကြွေ မိုးကစွေ" ဆိုသည့်အတိုင်း ရေများပြည့်လျှံ၍ လယ်မြေတစ်ခွင်၌လည်း ရေပြင်အတိဖြစ်နေသည်။ တစိမ့်စိမ့်စွေနေသော မိုးကြောင့် အအေးဓာတ်ကဝင်ရောက်လာသည်။ နွေမှာ မြူငွေ့ဖြင့် ရီဝေ အုံ့ဆိုင်း၍ လွမ်းစရာကောင်းသလို မိုးမှာ မိုးစက်မိုးတိမ်တို့ဖြင့် မှုန်မှိုင်း၍ လွမ်းစရာကောင်းပြန်ပါသည်။

ဝါခေါင်လတွင် စာရေးတံမဲပွဲ ကျင်းပသည်။ စာရေးတံမဲ ဆွမ်းဆိုသည်မှာ ဝိနည်း၌ ဘတ်ခုနစ်မျိုးကို ဘုရားရှင်ခွင့်ပြုတော်မူခဲ့သည်။ (၁)**သံဃာဘတ်–** သံဃာအားလုံးအတွက် လှူဒါန်းသောဆွမ်း၊ (၂)**ဥဒ္ဒေသဘတ်–** တစ်ပါးနှစ်ပါးစသည် ရည်ညွှန်း၍ လှူဒါန်းသော ဆွမ်း၊ (၃) **နိမန္တနဘတ်–** ပင့်ဖိတ်၍ လှူဒါန်းသောဆွမ်း၊ (၄) **သလာကဘတ်–** စာရေးတံမဲချ၍ လှူဒါန်းသောဆွမ်း၊ (၅) **ပက္ခိတဘတ်–** လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူဒါန်းသောဆွမ်း၊ (၆) **ဥပေါသထိကဘတ်–**ဥပုသ်နေ့၌ လှူဒါန်းသောဆွမ်း၊ (၇) **ပါဋိပဒိကဘတ်–**ဥပုသ်ကျော်တက် အထွက် တစ်ရက်နေ့၌ လှူဒါန်းသောဆွမ်းစသောဆွမ်းများကို ခွင့်ပြုတော်မူသည်။

'ဝါခေါင်လ'ဆိုသည်မှာ 'ရဟန်းတော်များ ဝါဆိုတော်မူရာ ဝါတွင်းသုံးလ၏ အလယ်လ'ဟု အနက်အဓိပ္ပာယ်ရပေသည်။ ဝါဆိုတော်မူနေသည့် ရဟန်းတော်များသည် မည်သည့်အရပ်ဒေသသို့မျှ ကြွသွားခွင့်မရ။ မိမိတို့သီတင်းသုံးရာ ကျောင်းတိုက်တွင် ဣရိယပထ မျှတစွာနေတော်မူရသည်။ ထို့ကြောင့်ပင် ဒါယကာများက စာရေးတံပွဲ ဆင်ယင်ကျင်းပကြခြင်းဖြစ်သည်။

စာရေးတံ 'မဲတံ' ခေါ် မဲတုတ်ကလေးများဖြင့် မဲချကာ မိမိတာဝန်ကျ ရဟန်းတော်များ၏ ဘွဲ့ကိုရေးသားရန် ထိပ်ပြားကလေးများ လုပ်ထားလေ့ရှိသည်။ မိမိတို့ ရပ်ရွာအနီးအပါးရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ စာရင်းကို ပထမဆုံးကောက်ယူကာ ဆွမ်းအုပ်အရေအတွက် အနည်းအများအလိုက် မဲဖောက်ပြီး ပင့်ဆောင်ကပ်လှူ ကျွေးမွေး လှူဒါန်းခြင်းဖြစ်သည်။ ဝါခေါင်လရာသီတွင် လယ်သမားများမှာ အလုပ်ခွင်သို့ ဝင်ချိန်ဖြစ်၍ အားလပ်မှုမရှိပါ။ သို့တစေ ဗုဒ္ဓဘာသာဝင် သူတော်စင်များပီပီ ဝါတွင်းကာလ ပရိယတ်၊ ပဋိပတ်များ အားထုတ်တော်မူနေကြသော သံဃာတော်များ ဆွမ်းကိစ္စပြည့်ဝစေရန် စုပေါင်းဒါနပြုကြခြင်းပင်ဖြစ်ရာ မွန်မြတ်သောအလှူဒါန ဖြစ်ပါသည်။

ဝါခေါင်လနှင့်စပ်လျဉ်း၍–

**"ဝါခေါင်သိဟ်မွန်၊ အာကာစွန်**
**သရဝဏ်ရောင်စွေးစွေး။**
**ခတ္တာဖူးလျံ၊စာရေးတံ**
**သုံးတန်ဆောင်ဖွေးဖွေး။ ။"**

ဟု ကင်းဝန်မင်းကြီးက ဖွဲ့ဆိုခဲ့ပါသည်။

စာရေးတံဆွမ်းအလှူနှင့် စပ်လျဉ်း၍ ဦးပုည၏ **'သူအိုမကြီးဝတ္ထု'** ကို သတိရစရာဖြစ်သည်။ ဝတ္ထုတွင် သူဆင်းရဲအဘွားအိုသည် ရှင်သာရိပုတ္တရာကို မဲကျသည်။ သာဝတ္ထိပြည်ရှိ သူဌေးသူကြွယ်များက ရှင်သာရိပုတ္တရာ ကိုယ်တော်ကို သူတို့အားပေးပါ။ အဘွားအိုအတွက် ရွှေလိုချင်ရွှေ၊ ငွေလိုချင်ငွေ ကျေနပ်အောင် ပေးပါမည်ဟုပြောကြသည်။ ထိုအခါ အဘွားအိုက စိတ်ကြီးဝင်လျက် ရွှေမလို၊ ငွေမလို ရှင်သာရိပုတ္တရာကိုယ်တော်ကို မိမိကိုယ်တိုင်သာ လုပ်ကျွေးပြုစုမည်ဟု ဤသို့ ပြန်လည်ပြောဆိုခဲ့သည်။

"အဘွားအိုဇာတာ ရှစ်ဆယ်ကျော်မှ ကံပေါ်၍လာမင့်ကို ပဇာနုန့်နဲ့ ဘယ်သူ့ကိုငဲ့ရမည်။ မငဲ့ပါဘူး။ အနာထပိဏ်သော မောင်ပိဏ်သော ဝိသာခါသော၊ မယ်ခါသော နောဇာနာမိ တို့မသိဘူး။ မဏိနေမြပုလဲစင် ကျောက်မျက်ရှင်တို့သည် ငါ့သခင် စက်တော်အောက်က မြူလောက်မျှ ကြေးမထိုက်၊ တို့မကြိုက်၊ တို့မလို၊ ငါ့သခင်ဖုန်းမိုကို၊ ကြည်ညိုစွာ ငါလုပ်ကျွေးမည်၊ မပေးဘူးမယောင်နှင့်"

ဟူသော ရေးဖွဲ့ဟန်သည် စာရေးတံအလှူပွဲ၏ စိတ်ထက်သန်ပုံကို ထင်ဟပ်နေပေသည်။ ထို့ကြောင့် အလှူသည် ဝမ်းမြောက်ကြည်နူးဖွယ် ကောင်းသည်နှင့်အမျှ သဒ္ဓါတရားထက်သန်သလောက် အကျိုးကျေးဇူးလည်း ပိုမိုကြီးမြတ်ပေသည်။

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

စာရေးတံအလှူပွဲတွင် မဟာဒုက်မဲလည်း ပါရှိပါသည်။ ကဿပဘုရားရှင် လက်ထက်၌ ပဏ္ဍိတ သာမဏေ အလောင်းတော်ဖြစ်သော ဆင်းရဲသားကြီးမဟာဒုက်(မဟာဒုဂ္ဂဟ)နှင့် ဗာရာဏသီပြည်သူတို့က ဤစာရေးတံမဲအလှူပွဲကို စတင်ခဲ့သည်ဟု ရေးသားကြသည်။ ဆင်းရဲသားကြီး မဟာဒုက်တို့ လှူဒါန်းခဲ့သောဆွမ်းအလှူကား တကယ့်စနစ်ဖြင့် လှူဒါန်းသည့် စာရေးတံမဲဆွမ်းအလှူ(သလာကဘတ်) မျိုးကဲ့သို့ပင် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်း၊ အခြွေအရံပေါများခြင်း ဟူသော အကျိုးနှစ်မျိုးကို အလိုရှိသော အမျိုးသားကောင်းတစ်ဦးက နိဗ္ဗာန်ဆော်လုပ်ကာ **"မည်သူက သံဃာတော်မည်မျှအား ဆွမ်းကျွေးရန် တာဝန်ယူပါ"** စသည်ဖြင့် လှူ့ဆော်စာရင်းမှတ်၍ ထိုစာရင်းအရ ဗာရာဏသီပြည်သို့ ကြွတော်မူလာသော ဘုရားအမှူးရှိသည့် ရဟန္တာ၂နှစ်သောင်းအား မိမိတို့အိမ်သို့ပင့်ကာ အသီးသီး ဆွမ်းလှူဒါန်းကြသည့် အလှူမျိုးဖြစ်ပါသည်။ ထိုကဲ့သို့ အလှူမျိုးကို မျက်မှောက်ခေတ်၌ အချို့အရပ်ဒေသများတွင် မဟာဒုက်အလှူပွဲဟု ခေါ်ကြသည်။ ယင်းမဟာဒုက်အလှူပွဲသည် ဓမ္မပဒ အဋ္ဌကထာ ပဏ္ဍိတဝဂ် ပဏ္ဍိတသာမဏေဝတ္ထု၌သာ ရှိပါသည်။ ဤမဟာဒုက် ဆွမ်းအလှူသည် ဝိနည်းဒေသနာတော်၌ လာရှိသော စာရေးတံဆွမ်းအလှူ(သလာကဘတ်) ရှေးမြန်မာကြီးတို့ လှူဒါန်းကြသည့် စာရေးတံအလှူတို့နှင့် တူပါသည်။

**"ဆင်သိုင်းငယ်ခြုံ**
**သင်တိုင်းပုံညီဆေးနှင့်**
**ခိုသွေးမှုန်နံ့သာခြယ်လို့**
**ညာ၊ ဘယ်မလင်း။**
**ဆန်းခေါင်ငယ်မော်**
**မန်းတောင်တော် ဇွေတရိုးဆီက**
**ရွှေမိုးငယ် ဖန်လာစွေတော့**
**ဉာဏ်ရှာဖွေ ခိုရာရနိုင်ဘု**
**သောက ကပြင်း။ ။"**

ဟု ဖိုးဝဇီရက ဖွဲ့ဆိုခဲ့သည်။

တစ်ခုသော ဝါခေါင်လ မိုးရိပ်မိုးငွေ့များကြောင့် ရာသီက အေးမြနေသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဤဝါတွင်းအလယ်၊ ဝါခေါင်လ၌ မေတ္တာသုတ်ကို ဟောကြားခဲ့ပါသည်။

မေတ္တာသုတ်ပွားများခြင်းဆိုသည်မှာ မေတ္တာသည် ဗြဟ္မစိုရ်တရားလေးပါးတွင်ပါဝင်သည်။

မေတ္တာတရား ပွားများကြသည့်အခါ အရေးကြီးသောအချက်မှာ မေတ္တာ၏ရန်သူတွေကို နှိမ်နင်းဖို့ရန် အဓိကလိုအပ်ပါသည်။ မေတ္တာ၏ ရန်သူသည် အနီးရန်သူ၊ အဝေးရန်သူဟူ၍ နှစ်မျိုးရှိသည်။ အနီးရန်သူမှာ တဏှာရာဂဖြစ်သည်။ အဝေးရန်သူမှာ ဒေါသဖြစ်သည်။ ထို့ကြောင့် မေတ္တာ၏ ရန်သူနှစ်မျိုးဖြစ်သည့် တဏှာရာဂ၊ ဒေါသတို့ကို နှိမ်နင်းပေးဖို့ရာ လိုအပ်ချက်ပင်ဖြစ်သည်။

မေတ္တာ၏အကျိုးသက်ရောက်မှုကို ရရှိစေရန် မေတ္တာ၏အကျိုးတရားများကို ဆင်ခြင်ပေးရမည်။ မေတ္တာသည် မိမိ၏ဒေါသကို ဖျောက်နိုင်သည်။ သူတစ်ပါး၏ဒေါသကိုလည်း ပယ်ဖျောက်နိုင်ပါသည်။ မေတ္တာဘာဝနာပွားများသောအခါ "အတ္တ၊ ပိယ၊ မဇ္ဈ၊ ဝေရီ သိမ်လေးလီ အညီရှုကြရာ"ဟူသော ရှေးပညာရှိတို့၏ လင်္ကာအတိုင်း–

(၁) အတ္တ – မိမိကို
(၂) ပိယ – ချစ်ခင်နှစ်သက်အပ်သောသူ
(၃) မဇ္ဈတ္တ – အလယ်အလတ်ဖြစ်သောသူ
(၄) ဝေရီ – ရန်သူဟူသော ပုဂ္ဂိုလ်အမျိုးအစား လေးပါးကို နယ်ပယ်လေးရပ်ခွဲခြား၍ အစဉ်အတိုင်းပွားများကြရပါသည်။

မေတ္တာဟူသည်မှာ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတည်းကိုဖြစ်စေ၊ အများကိုဖြစ်စေ ကောင်းကျိုးချမ်းသာ တရားဖြစ်စေလိုသည့် စိတ်ထားပင်ဖြစ်သည်။

ယင်းသည်လည်း အဘိဓမ္မာသဘောဖြင့် ကြည့်လျှင် "အဒေါသ" ခေါ် မကြမ်းတမ်းမပြစ်မှားသော စေတသိက်ဦးဆောင်သည့် ကုသိုလ်စိတ်အဖွဲ့အစည်းပင်ဖြစ်သည်။

ယင်းသို့ ရှိသင့်ရှိထိုက်သော မေတ္တာတရားကို လူသားတိုင်း၊သက်ရှိပုဂ္ဂိုလ်တိုင်း လက်ကိုင်ထား၍ ပွားများနိုင်စေရန်အတွက် ဤဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"ဟု သတ်မှတ်ပြီး ဤနေ့ထူးနေ့မြတ်မှစ၍ ကမ္ဘာအရှည်တည်တံ့နေသမျှ ကာလပတ်လုံး မွန်မြတ်သော မေတ္တာမိုးတို့ ရွာသွန်းဖြိုးလျက်ရှိပါသည်။

ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဝါဆိုရန်နီးကပ်သောအခါ၌ တိုင်းပြည်များစွာမှ ရဟန်းတော်တို့သည် ဘုရားရှင်ထံချဉ်းကပ်၍ မိမိတို့သင့်လျော်မည့် ကမ္မဋ္ဌာန်းတရားများကို လျှောက်ထားတောင်းပန်ကာ သင့်လျော်ရာအရပ်သို့ ဝါကပ်သီတင်းသုံးကြသည်။

ငါးရာသော ရဟန်းသံဃာတော်တို့သည်လည်း ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို သင်ယူပြီး ဆွမ်းခံရွာနှင့်သင့်လျော်မည့် ကျောင်းကို ရှာကြသောအခါ ဟိမဝန္တာတောနှင့် တစ်စပ်တည်းရှိသည့် နေရာတစ်ခုကို တွေ့မြင်သည်။ ထိုနေရာမှာ ညိုသည့်သလင်းကျောက်တံတိုင်းနှင့်တူသော အေးမြညိုမှောင်သည့် တောင်နှင့်တောအုပ်ဖြစ်သည်။ စင်ကြယ်သာယာသည့် ရေအိုင်ရေကန်တို့ဖြင့် တင့်တယ်သောတောင်တစ်လုံးဖြစ်သည်။

ရဟန်းသံဃာတော်ငါးရာတို့သည် ယင်းတောင်၌ သီတင်းသုံးကြပြီး အနီးရှိရွာသို့ ဆွမ်းခံကြသည်။ ရွာသူရွာသားများကလည်း စေတနာသဒ္ဓါထက်သန်စွာ ဆွမ်းလောင်းလှူပြီး ကျောင်းနှင့် ပရိဘောဂ အသုံးအဆောင်များပါ စီမံလှူဒါန်းကြပါသည်။ ဤအရပ်၌ ဝါဆိုရန် တောင်းပန်လျှောက်ထားကြသည်။ ရဟန်းသံဃာတော်တို့သည် ဝမ်းမြောက်စွာ လက်ခံ၍ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ကြသည်။

ထိုတောအုပ်၌ သစ်ပင်စောင့် ရုက္ခစိုးနတ်တို့သည် အကျင့်သီလနှင့် ပြည့်စုံသည့် ရဟန်းသံဃာတော်များ ရောက်လာသောအခါ နေရာဘုံဗိမာန်တို့မှဆင်း၍ ပေးကြရသည်။ သားငယ်သမီးငယ်များနှင့်တကွ ဆင်းပေးကြရသောအခါ များစွာစိတ်ဆင်းရဲကြ၊ ပင်ပန်းကြသည်။ ထို့ကြောင့် ရုက္ခစိုးနတ်တို့က ရဟန်းတို့မနေနိုင်ရန်၊ ထိတ်လန့်ကြောက်ရွံ့စေရန် ကြောက်မက်ဖွယ်၊ ရွံ့ဖွယ် ရုပ်များ၊ အသံများ၊ အနံ့များကို ဖန်ဆင်းပြကြသည်။ ခြောက်လန့်ကြသည်။

ရဟန်းသံဃာတော်များ တရားအားထုတ်၍ မရဘဲဖြစ်ကာ ဝါတွင်းအချိန်၌ပင် ဘုရားရှင်ထံသွားကာ အကျိုးအကြောင်း လျှောက်ထားကြသည်။ ဘုရားရှင်က "ချစ်သားရဟန်းတို့၊ သင်တို့နှင့်သင့်လျော်သော နေရာအရပ်ကတော့ အခြားဘယ်နေရာ အရပ်ကိုမျှ မမြင်ဘူး။ နေမြဲတောအုပ်ကိုသာ ပြန်သွားကြပါ။ ဒါပေမယ့် ဒီအတိုင်းတော့ မဖြစ်ဘူး၊ ချစ်ခြင်းမေတ္တာပွားများပြီး နေကြပါ"ဟု အမိန့်ရှိကာ ရဟန်းငါးရာတို့အား မေတ္တာသုတ်ပရိတ်ကို သင်ကြားပေးလိုက်သည်။

မေတ္တာသုတ်ကို ရွတ်ဆိုပွားများလာကြသော ရဟန်းငါးရာတို့အား ရုက္ခစိုးနတ်တို့သည် အန္တရာယ်မပြုကြသည့်အပြင် ကြည်ညိုသဒ္ဓါဖြစ်ကြကာ အနှောင့်အယှက် မပေးတော့ဘဲ သပိတ်သင်္ကန်း ဆီးကြိုယူခြင်း၊ နေရာခင်းခြင်း၊ သောက်ရေသုံးရေ တည်ထားခြင်းစသော ဝေယျာဝစ္စများကိုပင် ကူညီဆောင်ရွက်ကြသည်။

မေတ္တာသုတ်တရားတော်၏ တန်ခိုးကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ရရှိသော ရဟန်းငါးရာတို့သည် ဝါတွင်းကာလ အတွင်းမှာပင် တရားထူး၊ တရားမြတ်ကို ရရှိတော်မူကြပြီး ဝါလကျွတ်သောအခါ ဝိသုဒ္ဓိမဟာပဝါရဏာကို ပြုတော်မူကြသည်။

ဝါခေါင်လသည် သံဃာတော်များ ဝါဆို၍ သီတင်းသုံးရာ ဝါတွင်းကာလဖြစ်ပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ရဟန်းသံဃာတော်များ သီတင်းသုံးရာ ဝါတွင်းကို အထွတ်အမြတ်ထားကြသည်။ မိမိတို့ကိုယ်တိုင် သင်္ကန်းဝတ်၍ တရားအားမထုတ်နိုင်သော်လည်း ဝါတွင်းကာလတွင် ခါတိုင်းထက်ပို၍ ဥပုသ်စောင့်သူများပြားရုံမျှမက ဆွမ်းလောင်းအသင်းများ ဖွဲ့စည်းကာ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဆွမ်းနှင့်ဆွမ်းဟင်းလျာများ လောင်းလှူကုသိုလ်ပြုလျက်ရှိကြပါသည်။ တစ်ဝါတွင်းလုံး ဥပုသ်စောင့်နေသူ၊ ဆွမ်းနှင့်ဆွမ်းဟင်း ဒါနပြုနေသူများ အများအပြားရှိနေပါသည်။

ဒါနပြုကြ၍ ဥပုသ်သီလကိုလည်း ဆောက်တည်ကြပါသည်။ ဝါတွင်းကာလတွင် ကျေးရွာများ၏ ဓမ္မာရုံ၌ ဓမ္မစကြာဝတ်အသင်းများက ဓမ္မစက္ကပဝတ္တနသုတ်ကို ဝတ်ရွတ်စဉ်အဖြစ်ရွတ်၍ ကုသိုလ်ဒါနယူလျက်ရှိကြကြောင်း ရေးသားလိုက်ရပါသည်။ ။

# အားကစားဝန်ကြီး ပိုလ်မှူးချုပ်သူရအေးမြင့် နိုင်ငံတကာပြိုင်ပွဲဆင်နွှဲမည့် ဘောလုံး၊ ရွက်လှေနှင့် ခရစ်ကက် အားကစားမောင်မယ်များအား တွေ့ဆုံမှာကြား

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသည် ၂၀၀၆ ခုနှစ် ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့တွင်ကျင်းပမည့် အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလုံးအသင်း၊ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွန်ဒေါင်းနှင့် ရီဟာမြို့တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရွက်လှေပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ ရွက်လှေအားကစားအဖွဲ့ဝင်နှင့် ဩဂုတ် ၁၂ ရက်မှ ၃၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် ACC Trophy 2006 ခရစ်ကက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာခရစ်ကက်အားကစားအဖွဲ့ဝင်တို့အား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းအစည်းအဝေး ခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်နှင့် ကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲများသို့သွားရောက် ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ပြိုင်ပွဲဝင်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ပြိုင်ပွဲအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြသည်။ ထို့နောက် ဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များကိုဖြည့်ဆည်းပေးသည်။

အသက်(၁၇)နှစ်အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ ပါဝင်ဆင်နွှဲမည့် မြန်မာလူငယ်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးမောင်ဝင်း (အား/ကာ)၊ နည်းပြချုပ်အဖြစ် ဘူဂေးရီးယားနည်းပြဆရာ၊ နည်းပြများအဖြစ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဦးခင်မောင်တင့်နှင့် လက်ထောက်နည်းပြ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ(ရဲမွန်)မှ အရာခံဗိုလ်ကျော်လွင်၊ ဂိုးနည်းပြ အမှတ်(၁) ကာကွယ်ရေးပစ္စည်းစက်ရုံမှ အရာခံဗိုလ် ထွန်းတင်အောင်၊ အသင်းဆရာဝန်အဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာစောသိန်းဝင်းနှင့် သူနာပြုအဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာန သူနာပြု(၂) ဦးမြကြိုင်တို့က လိုက်ပါဆောင်ရွက်မည်ဖြစ်သည်။

## သူတို့ပါဝင်ကြ

ပါဝင်ယှဉ်ပြိုင်မည့် လူငယ်ဘောလုံးသမားများမှာ (ဂိုး)ဗန်လားဟရွယ်(အထက–၂၊ကလေး)နှင့် ကျော်စွာဝင်း (ဆောက်လုပ်ရေး)၊ နောက်တန်း–စန်းလွင်ဦး (ရထား)၊ သန်းထွန်းအောင်(ရထား)၊ မိုးနိုင်ထွန်း(အား/ကာသိပ္ပံ မန္တလေး)၊ ပြည့်ဖြိုးကိုကို (အား/ကာသိပ္ပံ မန္တလေး)နှင့် နိုင်လင်းထွန်း (စွမ်းအင်)၊ အလယ်တန်း–ဇော်လင်း (အား/ကာသိပ္ပံ ရန်ကုန်)၊ ဇင်မျိုးအောင်(ရန်ကုန်မြို့တော်စည်ပင်)၊ ချစ်ကိုကိုထွေး(အား/ကာသိပ္ပံ မန္တလေး)၊ ဒေးဗစ်ထန်း (အား/ကာသိပ္ပံ မန္တလေး)၊ တင်ဝင်းအောင် (အား/ကာသိပ္ပံ မန္တလေး)နှင့် အေးမိုး(မြစ်ငယ် အထက)၊ ရှေ့တန်း–အောင်ကျော်မိုး(စွမ်းအင်)၊ အသင်းခေါင်းဆောင် ပြည့်ဖြိုးဦး (ဆိပ်ကမ်း)၊ ရန်အောင်ဝင်း(အား/ကာ သိပ္ပံ မန္တလေး)၊ လှဖြိုး(ပို့ဆောင်ရေး)နှင့် အောင်မျိုးသူ (နန်းတော်ကုန်း အထက–၁)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။



**ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် အသက်(၁၇) နှစ်အောက် အာဆီယံအမျိုးသားလူငယ်ဘောလုံးပြိုင်ပွဲ တွင် ပါဝင်ဆင်နွှဲမည့် ညွှန်ကြားရေးမှူး ဦးမောင်ဝင်း ခေါင်းဆောင်သည့် မြန်မာလူငယ်ဘောလုံးအသင်း အား အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း ဤသို့ တွေ့ရသည်။** ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)



**ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရွက်လှေပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲမည့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့် ခေါင်းဆောင်သည့် မြန်မာရွက်လှေအဖွဲ့အား အောင်ဆန်းအားကစားပြိုင်ဝင်း၌ တွေ့ရစဉ်။** ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ
သိန်းဝင်းလေး(မြန်မာ့အလင်း)

## ရွက်လှေ

အပြည်ပြည်ဆိုင်ရာ ရွက်လှေပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ရွက်လှေအဖွဲ့တွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့် တက်ရောက်မည်ဖြစ်သည်။ အသင်းခေါင်းဆောင်အဖြစ် အမှုဆောင် ဦးမင်းဇော်က ဆောင်ရွက်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသား ၄၇၀ တန်းပြိုင်ပွဲတွင် အောင်မြင်သူ (ရန်ကုန်အဝေးသင် တက္ကသိုလ်) နှင့် စိုင်းပြည့်စုံဟိန်း (ရန်ကုန်အဝေးသင် တက္ကသိုလ်)၊ အမျိုးသမီး အပြည်ပြည်ဆိုင်ရာ ၄၇၀ တန်း ပြိုင်ပွဲတွင် မချစ်စုနှင့် နွဲ့နွဲ့စန်း (ရန်ကုန်အဝေးသင် တက္ကသိုလ်)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## ခရစ်ကက်အဖွဲ့

၂၀၀၆ ခုနှစ် အာရှ ခရစ်ကက်ကောင်စီဖလား ခရစ်ကက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲမည့် မြန်မာ့ခရစ်ကက် အားကစားအဖွဲ့တွင် အသင်းမန်နေဂျာအဖြစ် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်ကလည်းကောင်း၊ နည်းပြအဖြစ် ဘင်္ဂလားဒေ့ရှ်နည်းပြဆရာ Mr.Nazmul Abedeen၊ အဖွဲ့အတွင်းရေးမှူးအဖြစ် နည်းပြအရာရှိ ဦးလှဦးတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး ခရစ်ကက်အားကစားသမား ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

---

# မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

## မြဂန္ဓမာဈေးမှ အမှိုက်ပုံ ရှင်းလင်းဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ဈေးများဌာနပိုင် မြဂန္ဓမာဈေးအနီးရှိ အမှိုက်ပုံကို လာရောက် မသိမ်းဆည်းသည်မှာ ကြာပြီဖြစ်၍ အမှိုက်ပုံမှ အနံ့ဆိုးကြောင့် ဈေးရောင်း၊ ဈေးဝယ်များ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အမှိုက်ပုံကြီးအား ရှင်းလင်းဖယ်ရှားပေးပါရန်နှင့် နေရာရွှေ့ပြောင်း ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူများ**

## စည်းကမ်းမဲ့ ဝက်မွေးမြူသူများ ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား–**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျှက်မော်အရှေ့(၄၁၃) ရွှေကူရပ်ကွက် ကွက်သစ်ဘက်တွင် လူနေအိမ်များအကြား၌ ဝက်များကို စည်းကမ်းမဲ့ မွေးမြူထားကြသဖြင့် အနံ့အသက်များကြောင့်ပတ်ဝန်းကျင်နေအိမ်များ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာက စည်းကမ်းတကျဖြစ်စေရေး စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ကွက်သစ်သား**

## ကတ္တရာလမ်းများပြုပြင်ပေးပါ

**စာတည်းရှင့်–**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက်ရှိ ရွှေပြည်အေးလမ်းနှင့် ညောင်တုန်း လမ်းထောင့်အကွေ့တွင် ကတ္တရာလမ်းများပျက်စီးပြီး ချိုင့်ခွက်များဖြစ်နေပါသည်။ သို့ပါ၍ အဆိုပါ လမ်းများအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူ**

## ဈေးသည်များစည်းကမ်းရှိစေချင်

**စာတည်းရှင့်–**

ကမာရွတ်မြို့နယ် လှည်းတန်းဈေး အနောက်ဘက်ရှိ ပေ ၅၀ လမ်း ဈေးတန်းတွင် နံနက် ၆ နာရီမှ နံနက် ၁၁ နာရီအထိသာ ဈေးရောင်းချခွင့်ပြုထားသော်လည်း ယခုအခါ ညနေပိုင်းအထိ ဈေးသည်များ ရောင်းချနေပြီး နံနက်ပိုင်းဈေးရောင်းချချိန်တွင်လည်း လမ်းလယ်ကြော၌ လမ်းပိတ်ဆို့၍ ရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ ဈေးသည်များအား သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချစေရေးအတွက် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ပြည်သူတစ်ဦး**

## ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးစေချင်

**စာတည်းခင်ဗျား–**

အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက်ရှိ အမက(၄၁) ကျောင်းလမ်း သည် မြေနိမ့်ပိုင်းဖြစ်၍ မိုးတွင်းအခါ မိုးရေများနှင့် လမ်းအတွင်းရှိ နေအိမ်များမှ စီးဆင်းသော ရေများကြောင့် နှစ်စဥ်ပျက်စီးလျက်ရှိသည့် အပြင် ရေများ ဝင်ရောက်သောကြောင့် အများပြည်သူများ ခက်ခဲစွာသွားလာနေရပါသဖြင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**စဥ့်ငူရပ်ကွက်သား**

## အသံချဲ့စက်သံ နားမခံသာ

**စာတည်းခင်ဗျား–**

မန္တလေးမြို့ ချမ်းမြသာစည် တောင်ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် နေ့ရောညပါ အသံချဲ့စက်ကို ကျယ်လောင်စွာ ဖွင့်ထားသောကြောင့် အနီးဝန်းကျင်မှ ပြည်သူများနားမခံသာအောင်ဖြစ်နေပါသည်။ အဆိုပါ လက်ဖက်ရည်ဆိုင်အား လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## ပုံနှိပ်စက်နှင့် မီးစက်သံကြောင့် ရပ်ကွက်ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၃)လမ်း အလယ်လမ်းရှိစာပုံနှိပ်စက်တစ်စက်၏ စက်ရိုက်သံ၊ ထုပ်ပိုးသံနှင့် မီးစက်သံများသည် နေ့စဉ်မိုးလင်းသည်အထိ ဆူညံစွာလုပ်ဆောင်နေပါသဖြင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်သည့်အပြင် အိပ်ရေးပျက်သဖြင့် ကျန်းမာရေးကိုလည်း ထိခိုက်လျက်ရှိသည်။

သို့ပါ၍ လူနေရပ်ကွက်အတွင်းမှ အဆိုပါပုံနှိပ်လုပ်ငန်းကို သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **၁၃ လမ်းသား**

## မိလ္လာရေဆိုးများ လမ်းမပေါ် စီးဆင်းနေ

**စာတည်းရှင့်–**

တာမွေမြို့နယ် သင်္ဂဟလမ်းနှင့် သုခမ္မာလမ်းထောင့်၊ သင်္ဂဟလမ်းနှင့် စကြာလမ်းထောင့် တိုက်အိမ်များမှ မိလ္လာရေဆိုးများ လမ်းမပေါ်သို့ စီးကျနေသည့်အပြင် နောက်ဖေးလမ်းကြားတွင်လည်း အမှိုက်များ စုပုံနေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သင်္ဂဟသူ**

## မြောင်းဖုံးများ အသေဖုံးအုပ်ထား၍ တကောင်းလမ်းမပေါ် ရေများတင်နေ

**စာတည်းခင်ဗျား–**

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် တကောင်း ၆ လမ်းထိပ်ရှိ အိမ်တစ်အိမ်သည် ရေမြောင်းအား အုတ်ဖြင့် အခိုင်အမာပြုလုပ်ထားသော်လည်း အနက်သည် အလွန်တိမ်နေခြင်း၊ မြောင်းဖုံးများကို အသေဖုံးအုပ်ထားခြင်းတို့ကြောင့် မြောင်းဆယ်ယူ၍မရဖြစ်ကာ ရေစီးရေလာ မကောင်းသောကြောင့် အထက်ဘက်ရှိ တကောင်းလမ်းမပေါ်တွင် ရေများတင်နေပါသည်။ သို့ပါ၍ အဆိုပါ ရေမြောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**တကောင်းသား**

# ကမ္ဘာတစ်လွှား အားကစား

## အက်ရှ်လေကိုးလ် ချယ်လ်ဆီးသို့ရောက်ရှိရေး မော်ရင်ဟို အခိုင်အမာ သန္နိဋ္ဌာန်ချထား

ရေးသားတင်ပြသူ

မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၆

**အာဆင်နယ် ကစားသမား အက်ရှ်လေကိုးလ်အား ချယ်လ်ဆီးအသင်းက ခေါ်ယူရေးအတွက် အောင်မြင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက သန္နိဋ္ဌာန်ချထားသည်ဟုဆိုသည်။**

ပြီးခဲ့သောနှစ်က မော်ရင်ဟိုနှင့် အက်ရှ်လေကိုးလ်တို့သည် ပြောင်းရွှေ့ရေးအတွက် လျှို့ဝှက်ဆွေးနွေးခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ ၁၆ သန်းဖြင့် ကမ်းလှမ်းထားခဲ့သည်ဟု ယုံကြည်ရသည်။ သို့ရာတွင် အာဆင်နယ်က ပေါင်သန်း ၂၀ ကျော် ရရှိရန် မျှော်လင့်နေသည်။



**အာဆင်နယ်မှ အက်ရှ်လေကိုးလ်အား ခေါ်ယူရန် ကြိုးစားနေသော ချက်လ်ဆီးနည်းပြ မော်ရင်ဟို။**

(ဓာတ်ပုံ- အင်တာနက်

### လိုလားနေ

ချယ်လ်ဆီးက အက်ရှ်လေကိုးလ်၏ စာချုပ်မှုကို ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ မော်ရင်ဟိုကလည်း ၎င်းကစားသမား ပြောင်းရွှေ့ရေးကို လိုလားနေကြောင်း သိရသည်။

### ပြောကြား

အာဆင်နယ်က အက်ရှ်လေကိုးလ်အား ရောင်းချရေးနှင့် ပတ်သက်ပြီး ချယ်လ်ဆီးအသင်းကို အာရုံစိုက်နေသည်။ အာဆင်နယ်ကပိုင်သော ကစားသမားကို အာဆင်နယ်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း မော်ရင်ဟိုက ပြောကြားသည်။

### မျှော်လင့်

ချယ်လ်ဆီးက အသက် ၂၆ နှစ်အရွယ်ရှိ အက်ရှ်လေကိုးလ်အား ပေါင်

### လွှန်ဆွဲ

အဆိုပါ ကစားသမား ပြောင်းရွှေ့ရေးအတွက် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးနှင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုတို့ အကြီးအကျယ်လွန်ဆွဲလျက်ရှိသည်။

**(အင်တာနက်)**

## ဘာမင်ဂမ်နှင့်ဝက်စ်ဘာရွန်း ဒုတိယတန်းအဖွင့်ပွဲများအနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၆**

တန်းဆင်းကလပ်များ ဖြစ်သည့် ဘာမင်ဂမ်စီးတီးနှင့် ဝက်စ်ဘရွန်းအသင်းတို့သည် အင်္ဂလိပ်ဒုတိယတန်း အမှတ်ပေးဖလားပြိုင်ပွဲများ အဖွင့်ပွဲစဉ်များအဖြစ် ဩဂုတ် ၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး အနိုင်ရရှိခဲ့ကြသည်။

ဘာမင်ဂမ်က ကိုချက်စတာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ သို့ရာတွင် ဒုတိယပိုင်းတွင် ဘာမင်ဂမ်အသင်း ခေါ်ယူခဲ့သော ကင်မရွန်းကစားသမား ဂျာရီမီပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဝက်စ်ဘရွန်းက ဟူးစီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ယင်းနှစ်ဂိုးစလုံးကို ဆဲလ်တစ်တိုက်စစ်မှူးဟောင်း ဂျွန်ဟတ်ဆင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဆန်းဒါးလန်းအသင်းသည် ပြီးခဲ့သောရာသီက တတိယမြောက် တန်းဆင်းခဲ့ရပြီး ဩဂုတ် ၆ ရက်တွင် ကိုဗင်ထရီအသင်းနှင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

## ပရီမီယာရှစ်အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်မည့်အရေး ဒဏ်ရာရမှုများ၏ ဖာဂူဆန်စိုးရိမ်ပူပန်နေရ

လန်ဒန် ဩဂုတ် ၆

**မန်ချက်စတာယူနိုက်တက်အသင်းမှ ပေါင် ၁၈ ဒသမ ၆ သန်းဖြင့် စာချုပ်လိုက်သော မိုက်ကယ်ကာရစ်သည် အေဂျက်ဇ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ဒဏ်ရာရရှိသွားသဖြင့် ရာသီအစအဖွင့်ပွဲနှင့် လွဲဖွယ်ရှိကြောင်း မန်ချက်စတာယူနိုက်တက်အသင်းက ပြောကြားလိုက်သည်။**

ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်သည် ဒုတိယပိုင်းပြန်စပြီး ၁၄မိနစ်အကြာတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ ကို သွင်းယူနိုင်ခဲ့သည်။ ယင်းပွဲ အနိုင်ရလိုက်၍ လေးသင်းပြိုင်ပွဲ အမ်စတာဒမ်ဖလား အနိုင်ရသူများ ဖြစ်လာသည်။

မန်ယူသည် ပရီမီယာရှစ်ဖွင့်ပွဲအဖြစ် ဩဂုတ် ၂၀ ရက်တွင် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လက်ရှိ အခြေအနေတွင်



**ပရီမီယာရှစ်ရာသီအဖွင့် ဒဏ်ရာရ ကစားသမားများနေသဖြင့် စိတ်ပျက်နေသော မန်ယူ နည်းပြ ဖာဂူဆန်နှင့် မကြာမီက မန်ယူသို့ရောက်လာသော မိုက်ကယ် ကာရစ်တို့အား ဤသို့တွေ့ရသည်။**

(ဓာတ်ပုံ- အင်တာနက်)

ထိုသို့ ဒဏ်ရာရရှိသွားသဖြင့် သီတင်းပတ်အချို့ အနားယူရမည်ဖြစ်၍ အဖွင့်ပွဲစဉ်များနှင့် လွဲလိမ့်မည်ဖြစ်ကြောင်း မန်နေဂျာအလက်ဇ်ဖာဂူဆန်က ပြောကြားသည်။

ယင်းပြိုင်ပွဲတွင် မန်ယူက ရိုင်ယန်ဂစ်၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် တစ်လုံးတည်းသော အနိုင်ဂိုး

### ပွဲပိတ်ခံရမှုရှိနိုင်

ကာရစ်သည် ပေါ်တိုနှင့်ပွဲတွင် ပထမဆုံး မန်ယူနှင့်အတူ ပွဲထွက်လာခဲ့သည်။ ယင်းပွဲတွင် ရွှန်နေနှင့် ပေါလ်စခိုးလ်တို့သည် အနီကတ်ဖြင့် ထွက်ခဲ့ရသဖြင့် အက်ဖ်အေမှ ပွဲပိတ်ခံရမှု ရှိလာနိုင်သည်။

ဂယ်ရီနဗီးလ်၊ ဂါဘရီရယ်ဟိန့်ဇ်နှင့် နီမန်ဂျာဗီဒစ်တို့လည်း ဒဏ်ရာကြောင့် ဘေးထွက်ထိုင်နေရသဖြင့် နည်းပြဖာဂူဆန် စိုးရိမ်လျက်ရှိသည်။ ဖာဒီနန်နှင့် အိုရှီးယားတို့လည်း ပေါ်တိုနှင့်ပွဲတွင် ဒဏ်ရာအနည်းငယ်စီ ရခဲ့ကြသည်။ သို့ရာတွင် ပြန်ကောင်းလာပြီ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

**ကမ္ဘာ့ဘောလုံးသတင်းများနှင့် ပတ်သက်သည့် နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။**

### မက္ကလာရင်ကို ဖာဂူဆန်ချီးမွမ်းနေ

အင်္ဂလန်အသင်း မန်နေဂျာအဖြစ် ဆောင်ရွက်နေသည့် မက္ကလာရင်အား လူတော်တစ်ဦးဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။

မက္ကလာရင်၏ ထူးခြားမှုများမှာ အသင်းအတွက် လူရွေးချယ်မှုနှင့် နေရာချထားမှုတို့တွင် ဖြစ်ကြောင်း၊ ဘက်မလိုက်ဘဲ မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သူဖြစ်ကြောင်း ဖာဂူဆန်က ချီးမွမ်းပြောဆိုလိုက်သည်။

မက္ကလာရင်အနေဖြင့် အင်္ဂလန်အသင်း၏ နည်းပြအဖြစ် တာဝန်ယူရသည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်သော်လည်း မှန်ကန်သောလုပ်ရပ်များဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ မက္ကလာရင်အနေဖြင့် ဖိအားပေးမှုများရှိမည် ဖြစ်သော်လည်း အောင်မြင်အောင် စွမ်းဆောင်နိုင်မည်ဟု ယူဆကြောင်း ဖာဂူဆန်ကပြောကြားသည်။

မက္ကလာရင်သည် ယခုအခါ သူ၏အကူနည်းပြအတွက် ဆောင်ရွက်ပေးနိုင်မည့်သူကို ကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိသည်။

### အင်္ဂလန်မန်နေဂျာဟောင်း ဆာဘော်ဘီရော့ဘ်ဆင် ဆေးရုံတက်ရ

ဩဂုတ် ၅ ရက်က ကစားခဲ့သော အီစ်ဝှစ်တောင်းနှင့် ခရစ္စတယ်ပဲလေ့စ်တို့ပွဲကို ၁၀ မိနစ်မျှ ကြည့်ရှုပြီးနောက် ကျန်းမာရေးမကောင်းသဖြင့် ဆာဘော်ဘီရော့ဘ်ဆင်အား ဆေးရုံသို့ တင်ပို့ကုသခဲ့ရကြောင်း သိရသည်။



**ကျန်းမာရေးချို့ယွင်းခဲ့သည့် ဆာဘော်ဘီရော့ဘ်ဆင်**

အင်္ဂလန်မန်နေဂျာဟောင်း ဆာဘော်ဘီရော့ဘ်ဆင်သည် ၎င်း၏အသင်းဟောင်းဖြစ်သည့် အီစ်ဝှစ်တောင်းအသင်း ကစားသည့်ပွဲကို ကြည့်ရှုလိုသောဇောဖြင့် လာရောက်ခဲ့သော်လည်း ကင်ဆာရောဂါဒဏ်ကို ခံစားနေရသူဖြစ်သည်။

အသက် ၇၃ နှစ်အရွယ်ရှိ ဆာဘော်ဘီရော့ဘ်ဆင်သည် အီစ်ဝှစ်တောင်းအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် ယခုနှစ်နွေရာသီ၌ ခန့်အပ်ခြင်းခံရသူ ဖြစ်သည်။ ယခုအခါ သူသည် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနေသူဖြစ်သည်။

ရော့ဘ်ဆင်သည် ဝက်စ်ဘရွန်း၊ ဖူလ်ဟမ်နှင့် အင်္ဂလန်အသင်းတို့တွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး အင်္ဂလန်နည်းပြအဖြစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၉၀ပြည့်နှစ်၌ အင်္ဂလန်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သူဖြစ်သည်။

နည်းပြအဖြစ် ပီအက်စ်ဗီအင်ဒိုဗင်၊ စပို့တင်းလစ္စဘွန်း ပေါ်တိုနှင့် ဘာစီလိုနာ ကလပ်တို့တွင် တာဝန်ယူခဲ့သူဖြစ်ပြီး ၁၉၉၉ခုနှစ်၌ နယူးကာဆယ်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

### အီစ်ဝှစ်တောင်းက ခရစ္စတယ်ပဲလေ့စ်ကိုရှုံး

ရာသီအကြို ခြေစမ်းပွဲအဖြစ် အီစ်ဝှစ်တောင်းနှင့် ခရစ္စတယ်ပဲလေ့စ်တို့ ဩဂုတ် ၆ ရက်က အီစ်ဝှစ်တောင်းကွင်း၌ကစားရာ အိမ်ရှင်အီစ်ဝှစ်တောင်းတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အီစ်ဝှစ်တောင်းတို့က မိနစ် ၃၀ တွင် ဖော်စတာက ဖွင့်ဆော်ဦးအဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းပွဲချိန်ပြီးသည်အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ သို့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၈မိနစ်တွင် ခရစ္စတယ်ပဲလေ့စ်အတွက် မက်အနပ်ဖ်က ချေပဂိုးသွင်းယူပေးခဲ့ပြီး စကောခရစ်ဖ်က ၆၁ မိနစ်တွင် အနိုင်ဂိုး သွင်းယူသွားသဖြင့် အီစ်ဝှစ်တောင်းတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

### ခရက်စပို စီးရီးအေသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေဆဲ

ချယ်လ်ဆီးတိုက်စစ်မှူးနှင့် အာဂျင်တီးနား တိုက်စစ်မှူးဟာနန်ခရက်စပိုက မိမိအနေဖြင့် စီးရီးအေသို့ ပြန်လည်သွားရောက်ကစားချင်သည့်ဆန္ဒ ပြင်းပြစွာရှိနေဆဲ ဖြစ်ကြောင်း ပြောကြားလိုက်သည်။



**စီးရီးအေသို့ပြန်လိုသူ ခရက်စပို**

အသက် ၃၁ နှစ်အရွယ်ရှိ ခရက်စပိုက မိမိဘောလုံးကစားရာတွင် ပရီမီယာလိဂ်ထက် စီးရီးအေကို ပိုသဘောကျကြောင်း၊ မိမိနှင့်အံဝင်ခွင်ကျရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **(အင်တာနက်)**



## သွေးလွန်တုပ်ကွေးသိကောင်းစရာများဟောပြော ကျောင်းစာကြည့်တိုက်သို့ ပညာပေးပိုစတာများပေးအပ်

တောင်ကြီး ဩဂုတ် ၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် ရှမ်းပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါ ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ရက်က တောင်ကြီးမြို့ အထက(၇) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့အကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှဒေါက်တာဒေါ်ကြည်အေးဆွေက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသူ ကျောင်းသားများအတွက် ပညာပေးစာအုပ်နှင့်ပညာပေး ပိုစတာများ ပေးအပ်ရာ ကျောင်းတာဝန်ခံအရာရှိက လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ပြည်နယ်အမျိုးသမီးရေးရာ)**



## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်ခြင်ဆေးဖျန်း

မြင်းခြံ ဇူလိုင် ၁၅

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်ရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဇွန် ၂၄ရက်က မြင်းခြံမြို့ အထက (၁)၌ ကျင်းပရာ မြို့နယ် အသင်း အတွင်းရေးမှူးနှင့် အသင်းဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ ပါဝင် ဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၂)



ပြင်ဦးလွင်မြို့ ညိုတောလမ်းလယ်ကျွန်းအဝိုင်း တိုးချဲ့ပြုပြင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဇူလိုင်၂၀ရက်က ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြား ရေးမှူး ဦးအောင်မြင့်ဆွေတို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးစိုးသန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ကျောင်းနေရန်အတွက် ချို့တဲ့နွမ်းပါးသောကလေးများ မိုင်းဖြတ်၌ ထောက်ပံ့ပစ္စည်းနှင့် ငွေများပေးအပ်

မိုင်းဖြတ် ဇူလိုင် ၁၅

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချို့တဲ့နွမ်းပါးသော ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပစ္စည်းနှင့်ငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂ရက် နံနက်က မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်း သိပ္ပံခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ချောစုမျိုးညွှန့်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်၁၂၄၀၀၀၀ကျော်တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများနှင့် ငွေများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်က ပေးအပ်ရာ မြို့နယ် ပညာရေးမှူးဒေါ်ခင်ဝင်းက လက်ခံယူသည်။**(ယာပုံ)**

ဆက်လက်၍ မြို့နယ်ပညာရေးမှူးက မြို့နယ်ရှိ ကျောင်းများမှ ချို့တဲ့နွမ်းပါးသော ကျောင်းသား ၆၀၆ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တရားသူကြီးများ လုပ်ငန်းညှိနှိုင်းပွဲ အတွေ့အကြုံရှင်း

ဖလမ်း ဇူလိုင် ၃၁

ရွှေနေချုပ်ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသော တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ အတွေ့အကြုံ ပြန်လည် ရှင်းလင်းပွဲကို ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီက ချင်းပြည်နယ် ဖလမ်းခရိုင်တရားရေးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် တရားသူကြီးဦးဝင်းမြင့်ကျော်နှင့် ပြည်နယ်တရားရုံးမှ တရားသူကြီးများ၊ ဖလမ်းခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ချင်းပြည်နယ်တရားသူကြီးဦးဝင်းမြင့်ကျော်က တရားသူကြီးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ အတွေ့အကြုံများကိုကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာမြေကွက်လပ်တွင် ခြံစည်းရိုး ကြက်ဆူပင် မြေချစိုက်ပျိုးထားရှိမှုကို ဇူလိုင် ၁၀ ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်က ရှင်းလင်း တင်ပြစဉ်။** (မြို့နယ်စည်ပင်)

**ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း အသားငါး ဈေးသည်များ ယင်လုံဆန်ခါဖြင့် စနစ်တကျရောင်းချမှု ရှိမရှိကို ဇူလိုင် ၁ ရက်က လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမိုးအောင်၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့**များ စုပေါင်း၍ အမှတ်(၅)ရပ်ကွက် အမက(၇)တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်အတွက် ဇူလိုင်၂၇ရက်က ကျောင်းဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်က ကြည့်ရှုအားပေးစဉ်။ (၁၅၈)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် (ဝါခေါင်လပြည့်နေ့)**
**၈–၈–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ တရားတော်)

**နေ့လယ်ပိုင်း**

၀၉း၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ဘဒ္ဒန္တ သောဘဏ ညောင်တုန်းပါဠိတက္ကသိုလ်)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကဏန်းမွေးမြူရေးအကြောင်း–အပိုင်း–၂)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (အမျိုးသားရေးဇာတိသွေးကို တွန်းအားပေးသည့် ကျမ်းတစ်စောင်)(ညွန့်ဟံ–ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ကမ္ဘာသတ္တိလေးတွေ–ရဝေနွယ်–အင်းမ)
၁၂း၂၀ နေ့လယ်တရားတော်
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြွေကိုက်ခံရသူအတွက် ရှေးဦးပြုစုခြင်းများ–မှူးခန့်–ဆေးတက္ကသိုလ်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဋ္ဌမတန်းစာရိတ္တနှင့် လောကနီတိ–ကောင်းမှုသုစရိုက်ဆယ်ပါး)

**ညနေပိုင်း**

၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်ပါဠိနှင့်အနက်
၁၆း၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) မေတ္တာ
(၂) မိုး
(၃) ချစ်သောရောဝတီ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလှအပအတွက် အနားယူအပန်းဖြေခြင်း–မေလေး)
၁၇း၄၀ အာဆီယံနေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အချစ်စိတ်တိုင်းကျ)
၁၈း၄၀ ဟောပြောချက် (အေးချမ်းသာစွ ဝါခေါင်လ–မြတ်သီတာ)
၁၉း၁၅ မြန်မာမှု မြန်မာ့သဘင်(ကွက်စိပ်) (တွံတေးဒဂုံ ဆရာညွှန့်၏ ဗုဒ္ဓဝင်တောထွက်ခန်း)
၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (သတိပြုရှောင်ရှား)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပြုံချင်ပြုံညိုပါနဲ့မိုး
(၂) မေ့ချစ်ဦးမောင်
(၃) ကိုယ့်ချစ်သူနဲ့ဆိုရင်
၂၀း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀မျက်နှာမေတ္တာဘာဝနာ တရားတော်



**ရေနံချောင်းမြို့ မြို့မတောင်ရပ်ကွက် မြို့တွင်း လမ်းမကြီးဘေး ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရန် သဲနုန်းများဆယ်ယူမှုကို ဇူလိုင် ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး၊ လက်ထောက် အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်စဉ်။**

(မြို့နယ် စည်ပင်)





# မော်ကျွန်းမြို့နယ်၌ ကျွဲ၊ နွားများ ဇီဝိတဒါနမြေစိုက်ဆိုင်းဘုတ်စိုက်ထူ

**မော်လမြိုင်ကျွန်း ဩဂုတ် ၄**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကျွဲ၊နွားများ၏ ဇီဝိတဒါန လှူဒါန်းမှုအဖွဲ့ မြေစိုက်ဆိုင်းဘုတ်တင်ပွဲကို ဩဂုတ် ၂ရက် နံနက်၁၀နာရီက မော်လမြိုင်ကျွန်းမြို့ ဆန်စက်ပိုင်ရှင်များ အသင်းရုံးရှေ့၌ ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဏ္ဍိမာရုံစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ စိန္တိတာလင်္ကာရနှင့် မြို့နယ် သံဃနာယက ဆရာတော်များ ကျွဲ၊ နွားများ၏အသက်အား ဇီဝိတဒါန လှူဒါန်းမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဇီဝိတဒါန အလှူရှင်များက မြေစိုက်ဆိုင်းဘုတ်ကို စိုက်ထူကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆန်စက်ပိုင်ရှင် ရုံးခန်းမတွင် အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင်များကိုယ်စား ကျွဲ၊နွားများ၏ ဇီဝိတဒါနအတွက် လှူဒါန်းငွေကျပ် သုံးသိန်းခြောက်သောင်းကို ကျွဲ၊နွားများ ဇီဝိတဒါနလှူဒါန်းမှုအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းဦးက အဖွဲ့ဥက္ကဋ္ဌ ဦးစိန်သောင်းထံ ပေးအပ်လှူဒါန်းသည်။

**စိုက်ထူ**

ထို့နောက် ကျွဲ၊နွားများ၏ ဇီဝိတဒါနလှူဒါန်းမှုအဖွဲ့ မြေစိုက်ဆိုင်းဘုတ် စိုက်ထူပွဲများကို မြို့ပေါ် လေးနေရာနှင့် ကျိုက်ပိကျေးရွာတွင် တစ်နေရာတစ်ပြိုင်တည်း စိုက်ထူကြသည်။ **(၀၉၇)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက် မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန် မာ ရ ဟန်း တော်များသာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောင် အတွက် ရန်ကုန်မြို့တာမွေမြို့နယ် ဗညားဒလလမ်း အမှတ် ၃၁၄နေ ဒေါ်အုန်းကြည်၊ ဒေါက်တာမိုးမိုးလွင် မိသားစုနှင့် ဓမ္မမိတ်ဆွေများ ဇူလိုင် ၁၆ရက်က ကျောင်းအလှူငွေကျပ် ၁၂၉၀၀၀ ဆက်ကပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင် ဆရာတော်ဘဒ္ဒန္တ ရာဇိန္ဒ (Pre. Ph.D)က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်တော်မူစဉ်။ (သတင်းစဉ်)



**ပုသိမ်အသင်း(ရန်ကုန်)၏ ပုသိမ်ခရိုင်အတွင်းမှ ရန်ကုန်မြို့၌ ကျောင်းထိုင်တော်မူသော ပဓာနနာယက ၂၈ ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၃၀ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံတွင်ကျင်းပရာ အသင်းဥက္ကဋ္ဌဦးစိုးဟန်လင်းနှင့် အသင်းသူ အသင်းသားများက ဆရာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်စဉ်။** (က-ပ)

# ကိုးဘွဲ့ရဆရာတော် ပရိတ်တရားလှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၆**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရအရှင်သူမြတ်၏ မယ်တော်ကြီး ဒေါ်ညို အသက်(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ အမှတ်တရအဖြစ် ကိုးဘွဲ့ရ ဆရာတော်၏ ပရိတ်ကြီး (၁၁)သုတ်တရားတော် ဗွီစီဒီ၊ ပဋ္ဌာန်းနှင့် ဓာရဏပရိတ်တရားတော် ဗွီစီဒီတို့ကို အခမဲ့လှူဒါန်းမည်ဖြစ်ရာ ကိုးဘွဲ့ရ ဆရာတော် ဖုန်း-၀၇၂-၂၂၁၇၀ နှင့် ၀၉၅-၃၃၀၈၉၅ တို့သို့ ဆက်သွယ်အလှူခံနိုင်ကြောင်းသိရသည်။ **(က-ပ)**



**ထားဝယ်မြို့ ဆေးရုံလမ်းရှိ ဖိုးဒေဝချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇူလိုင် ၂၅ ရက်က မြေတူးစက်ကြီးဖြင့် ချောင်းတူး ဖော်ခြင်းကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# စာသင်ခုံ၊ ဗလာစာအုပ်နှင့် ခဲတံများပေးအပ်လှူဒါန်းပွဲ တပ်ကုန်း၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

**ပျဉ်းမနားခရိုင်နှင့် တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ပညာရေးအထောက်အကူပြု စာသင်ခုံ၊ ဗလာစာအုပ်နှင့် ခဲတံများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ရက်ကတပ်ကုန်းမြို့နယ် နန်းဩအခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ရေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုနီက အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဦးရွှေက တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။**



ထို့နောက် ငွေကျပ် ၂၇၆၀၀ တန်ဖိုးရှိ ဗလာစာအုပ်နှင့် ခဲတံများကို ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးကလည်းကောင်း၊ တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် သစ်စက်လုပ်ငန်းရှင်များက လှူဒါန်းသည့် ငွေကျပ် ရှစ်သိန်း တန်ဖိုးရှိ စာသင်ခုံများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးနိုင်နိုင်ဦးကလည်းကောင်း ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၁၂၀၀ကို နန်းဩကျေးရွာအုပ်စု စည်းရုံးရေးမှူး ဦးလှကိုက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖေအံ့မောင်ထံ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

**ဗလငါးတန်**
**ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ**
**လေ့လာစို့**

# မိုးစပါးစိုက်ပျိုးပြီးစီးမှု မြို့နယ်ဥက္ကဋ္ဌကြည့်ရှု

**ကျောက်ပန်းတောင်း ဇူလိုင် ၂၀**

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမန်းသည် ဇူလိုင် ၁၁ရက်က မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ လိုက်ပါလျက် စန်းပွင့်ကျေးရွာရှိ တောင်သူ ဦးမြသိန်း၏ လယ်မြေ သုံးဧကတွင် မိုးစပါး အချိန်စော စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**စိုက်ပျိုးပြီးစီး**

အဆိုပါ စန်းပွင့်ကျေးရွာတွင် မိုးစပါး စိုက်ပျိုးရန် ဧက ၃၇၀ လျာထားသတ်မှတ်ထားရာ ၃၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် ဇူလိုင်၁၇ရက်က အလှူငွေ ပေးအပ်ပွဲကျင်းပရာ တွံတေးမြို့ ဗိုလ်မှူးစိန်လွင်လမ်း မင်းပိုင်းရပ်ကွက်နေ ဦးစိုးချစ်-ဒေါ်ညွှန့်ညွှန့်ဆွေ၊ သားကိုကိုမောင်-မမျိုးသူဇာ၊ သဲထက်ထက်လှိုင် မိသားစုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ရိပ်သာအတွင်းရေးမှူး (၂) ဦးကျော်သန်းက လက်ခံယူစဉ်။** (၃၈၀)



**စလင်းမြို့ မောင်ကော့ကန်စိုက် ကွင်း တွင် ဇူလိုင် ၃၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျေးရွာ ပြည်သူများ စုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင် ၁၀ ဧက ကျော် စိုက်ပျိုးကြရာသို့ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ငွေတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

# ကျောက်တံခါးအလကာ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**ကျောက်တံခါး ဩဂုတ် ၁**

ကျောင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ လှုပ်ရှားမှုအခမ်းအနားကို ဇူလိုင် ၁၆ ရက်က ကျောက်တံခါးမြို့နယ် တူမောင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသက်နွယ် ဦးဆောင်သော ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ခရေ၊ ပိတောက်၊ ကံ့ကော် အရိပ်ရပင်များနှင့် ငရုတ်ပင်၊ ဖရုံပင်များကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဒဂုံနှင့် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးကျောင်းတိုက် ကျားကူးဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●



## လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



**မျိုးချစ်စိတ်ဓာတ်နှင့် ဓာတိသွေး၊ ဓာတိမာန် ထက်သန်နိုးကြားစေသည့် ပန်းချီဆရာကြီး ဦးသောင်းဟန်၏ လက်ရာဖြစ်သည့် မြန်မာ့သူရဲကောင်း စစ်သူကြီး မဟာဗန္ဓုလ ပန်းချီကားကို ဟောပြောပွဲ၌ ဤသို့ ချိတ်ဆွဲပြသထားသည်။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

# နှစ်ပေါင်းထောင်ချီပြီး တည်တံ့လာသည့် မြန်မာ့ပန်းချီပညာအကြောင်း ထင်ရှားကျော်ကြားသော မြန်မာပန်းချီဆရာကြီးများ ဟောပြောပို့ချနေ

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၆**

မြန်မာ့ရိုးရာ ပန်းချီပညာသည် နှစ်ပေါင်းထောင်ချီပြီး ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ပညာရပ်ဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာ့ပန်းချီပညာရှင်များက လက်ဆင့်ကမ်း တာဝန်ယူခဲ့သဖြင့် ယနေ့ထိတိုင် တည်တံ့ခိုင်မြဲလျက်ရှိသည်။

**ဟောပြောပို့ချ**

ထိုသို့ မြန်မာ့ပန်းချီပညာရပ် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပြတ် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)အနေဖြင့် ကြိုးစား အကောင်အထည်ဖော်မှုတစ်ရပ်အနေဖြင့် ပန်းချီ ပညာရပ်ဆိုင်ရာ ဟောပြောပို့ချခြင်းနှင့် လက်တွေ့ရေးဆွဲခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။

ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပြခန်း၌ ပန်းချီပညာရပ်နှင့်ပတ်သက်၍ ဆွေးနွေးဟောပြောမှုကို ဩဂုတ် ၆ ရက်က ပြုလုပ်ရာ ဟောပြောဆွေးနွေးမည့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မတိမ်ကောအောင်**

ပန်းချီပညာရပ်နှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးရမှု ရည်ရွယ်ချက်နှင့် ပတ်သက်၍ မေးမြန်းရာ

*စာမျက်နှာ ၇ ကော်လံ ၁* ■



**"မြန်မာ့ပန်းချီပညာ ဖွံ့ဖြိုးတိုးတက်အောင် အခုလို ဟောပြောပွဲတွေ မကြာခဏပြုလုပ်ရခြင်းဖြစ်"**

**ပန်းချီဆရာကြီး ဦးသောင်းဟန်**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၆

**စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၂စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။**

(မြန်မာ့အလင်း)